# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 23 October 2017 (၉၀၈၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော် ပြည်ထောင်စုနယ်မြေမှ ပြည်သူများက ထောက်ခံသည့်အခမ်းအနား ကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၂

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ပြည်ထောင်စုနယ်မြေ ပြည်သူများက ထောက်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ဘုရားကွင်း၌ ကျင်းပသည်။** (အပေါ်ပုံ)

ရှေ့ဦးစွာအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် စိန်ဒူးဝါးမင်္ဂလာဆိုင်းအဖွဲ့က တက်ရောက်လာကြသော ပြည်သူလူထုနှင့်အတူ "နိုင်ငံတော်သီချင်း" အား သံပြိုင်သီဆိုကြပြီး "ငြိမ်းချမ်းသာယာ" သီချင်းဖြင့် ဆက်လက်ဖျော်ဖြေသည်။

ဆက်လက်၍ စာရေးဆရာ ဦးထင်လင်းဦးနှင့် ဦးဂျင်မီ(၈၈ ပွင့်လင်းလူ့အဖွဲ့အစည်း)တို့က ဟောပြောကြပြီး စိန်ဒူးဝါးမင်္ဂလာဆိုင်းအဖွဲ့က တေးသံသာများဖြင့် လည်းကောင်း၊ "ပန်းရဲ့လမ်း"တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

အဆိုပါလူထုထောက်ခံပွဲသို့ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

လူထုထောက်ခံပွဲကျင်းပခြင်းနှင့်ပတ်သက်၍ လူထုထောက်ခံပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ကိုသိန်းသန်းဦးက "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ထောက်ခံပွဲပြုလုပ်နိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှာရှိတဲ့ ပြည်သူလူထုကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အမြဲရပ်တည်နေပါတယ်ဆိုတာကိုလည်း သတင်းစကားပါးချင်ပါတယ်။ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်နေတဲ့ အရပ်သားအစိုးရကို ဝိုင်းဝန်းထောက်ခံပေးဖို့ ပြောချင်ပါတယ်" ဟု ပြောသည်။

လူထုထောက်ခံပွဲသို့ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောက "ပြည်သူကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူနဲ့အတူ နှစ်ဖက်သဟဇာတမျှတစွာ လိုက်ဖက်ညီနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့လိုချင်တဲ့ ရည်ရွယ်ချက်၊ သွားချင်တဲ့လမ်းကြောင်းတွေ အလွယ်တကူ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻


**"လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်၊ ပြည်သူ့စကားဝိုင်းဆီက ပြည်သူတွေရဲ့အသံကို ကြားသိခွင့်ရသလို အစိုးရကလည်း ဖြည့်ဆည်းမှုတွေ ပြုလုပ်ပေးနိုင်**


စာမျက်နှာ » ၅


**ရခိုင်ပြည်နယ်အရေးကိစ္စတွင် ပြည်ပဝင်ရောက်စွက်ဖက်မှုများမှာ အကျိုးမရှိကြောင်း တရုတ်ကွန်မြူနစ်ပါတီမှ တာဝန်ရှိသူက ပြောကြား**




စာမျက်နှာ » ၈



KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by FinanceAsia 2017

ကြေးမုံ

# မှန်ကန်သောအားထုတ်မှုဖြင့် ချမ်းသာမှုအစစ်ကိုရယူ

မျက်မှောက်ခေတ် ဝိပတ္တိကာလ၌ များထိုလူတို့အသိအမြင်အားနည်းမှုကို အကြောင်းပြု၍ သံသရာဝဲသြဃအတွင်း နစ်ဆင်းကာ ဒုက္ခဆင်းရဲဖြစ်ခြင်းတို့ တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့တတ်ကြပါသည်။ ထိုသို့ကြုံတွေ့ကြသည်မှာ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကြောင်းတရားများကို အရင်းခံကာ အသိဉာဏ်အမြင်၊ ဆင်ခြင်တုံတရား အနည်းအများကြောင့် ချမ်းသာခြင်းကိုမရဘဲ ဆင်းရဲခြင်းနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။

ထို့ကြောင့် များထိုလူတို့ အလိုရှိအပ်ကုန်သော ချမ်းသာခြင်းအကြောင်းအရင်း အစစ်အမှန်နှင့် ချမ်းသာခြင်းအတု(သို့မဟုတ်) ချမ်းသာခြင်းဟုမှတ်ယူကာ ကျင့်သုံးကြသော မှားယွင်းသောအကျင့်တို့ကို ခွဲခြားသိမြင် နိုင်ကြစေကာ မှန်ကန်သောအကျင့်တို့ကိုရွေးချယ်ပြီး မှားယွင်းသော အကျင့်တို့ကိုရှောင်ရှားနိုင်ကြစေရေး စေတနာ အသိပေးနှိုးဆော်လိုက်ရပါသည်။

ချမ်းသာခြင်း၊ ဆင်းရဲခြင်းအကြောင်းအရင်းမှန်တို့ကို တရားဒေသနာတော်တို့တွင် ညွှန်းဆိုပြသထားသော်လည်း အသိအမြင်ကြွယ်ဝရေးလေ့လာလိုက်စားမှုနည်းပါးသောကြောင့် ချမ်းသာသည်ဟုမှတ်ယူပြီး မှားယွင်းကျင့်သုံးမိကြသည့် အကျင့်မှားလေးမျိုးကို လူ့ဘောင်လောကတွင် ပြုကျင့်မိကြသည်ကိုတွေ့ရပါသည်။ ယင်းမှာ သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီးမှ မိမိအတွက်ကျေနပ်ခြင်း၊ ချမ်းသာခြင်းဟုထင်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးဝှက်ပြီးမှ မိမိချမ်းသာမည်ဟုထင်မှတ်ခြင်း၊ လိမ်ညာလှည့်ဖြားပြီးမှ မိမိကိုယ်ကို ချမ်းသာအောင် အားထုတ်ခြင်း၊ ငါးပါးအာရုံကာမဂုဏ်ခံစားပြီးမှ မိမိနှင့်သူတစ်ပါး ချမ်းသာသည်ဟု စည်းရုံးခြင်းတို့ဖြစ်ပါသည်။

ပုထုဇဉ်တို့အလိုရှိအပ်သော ချမ်းသာခြင်းလေးမျိုးမှာ အတ္ထိသုခ(ရှိမှုချမ်းသာခြင်း)၊ ဘောဂသုခ (သုံးဆောင်မှု ချမ်းသာခြင်း)၊ အဏဏသုခ (ကြွေးကင်းမှု ချမ်းသာခြင်း)၊ အနဝဇ္ဇသုခ(အပြစ်ကင်းမှုချမ်းသာခြင်း) တို့သာဖြစ်ရာ ယင်းချမ်းသာခြင်းတို့ကို ရရှိနိုင်စေရန်အတွက် ဖော်ပြပါမှားယွင်းသည့်အကျင့်လေးမျိုးကို မပြုကျင့်မိဖို့၊ ပြုကျင့်ခြင်းမခံရစေဖို့ သတိပြုရမည်ဖြစ်သည်။

ချမ်းသာခြင်းကို အလိုရှိရာ၌ ချမ်းသာခွင့်ရစေခြင်း အားထုတ်မှုသုံးမျိုးဖြစ်သည့် လူတို့ဘဝ ကာမဂုဏ်နယ်တွင်နေသော်လည်း လောကုတ္တရာတရားနှင့်လျော်ညီစွာ ကျင့်ကြံခြင်း၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ်သင်္ခါရ မငြိမ်းသေးရာမှ ငြိမ်းအေးအောင် အတတ်နိုင်ဆုံး ကြိုးစားကျင့်ကြံခြင်း၊ ကုသိုလ်၊ အကုသိုလ်မှန်း မသိရာမှ ယင်းတို့ကို သိရှိနားလည်အောင် လေ့လာဆည်းပူးပြီး ကျင့်ကြံခြင်းတို့ကို ပြုလုပ်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။

ထို့အပြင် ချမ်းသာစွာနေနိုင်ကြောင်း အကြောင်းတရားငါးပါးကိုလည်း သိထားသင့်သည်။ သီလရှိပြီး သူတစ်ပါးတို့အား မကဲ့ရဲ့ခြင်း၊ မိမိအပြစ်ဖြစ်၊မဖြစ် မိမိကိုယ်ကိုယ်သာ ကြည့်ရှုဆင်ခြင်စစ်ဆေးပြီး သူတစ်ပါးအပြစ်တို့ကို မမြင်အပ်ခြင်း၊ မိမိဘုန်းကံနည်းပြီး နာမည်မရှိခြင်းကို မပူပန်ခြင်း၊ ပုထုဇဉ်ထက်မြင့်သော ဈာန်ဝင်စားခြင်းနှင့်ဖိုလ်ဝင်စားခြင်းတို့ဖြစ်သည်။ ချမ်းသာစွာနေရကြောင်း အကြောင်းတရား ငါးပါးမှာ ကာယကံ မေတ္တာရှိခြင်း၊ ဝစီကံ မေတ္တာရှိခြင်း၊ မနောကံ မေတ္တာရှိခြင်း၊ ကိုယ်ကျင့်သီလရှိခြင်းနှင့် အမြင်အယူမှန်ခြင်း တို့ဖြစ်သည်။

ယင်းတို့မှာ မျက်မှောက်ကာလ များထိုလူတို့ ချမ်းသာခြင်း အစစ်အမှန်ကို အလွယ်တကူသိရှိနိုင်သော အချက်များပင်ဖြစ်သည်။ ထိုသို့သိရှိမှသာ မှားယွင်းသော အကျင့်ကိုပြုကျင့်သူလည်း ဆင်ခြင်နိုင်စေ၊ မှားယွင်းသောအကျင့်ပြုကျင့်မှုကိုလည်းမခံရစေ ဖြစ်စေနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ မှားယွင်းသောအကျင့်သည် ချမ်းသာခြင်းအစစ်မဟုတ်ပါသဖြင့် စစ်မှန်သောချမ်းသာမှု၊ ချမ်းသာခြင်းကိုဖြစ်စေသော အကျင့်၊ ချမ်းသာခြင်းအကြောင်းတရား၊ ချမ်းသာသော နှလုံးသွင်းဆင်ခြင်မှုတို့နှင့်အညီ ကျင့်ကြံပြုမူနေထိုင် အားထုတ်နိုင်ကြစေရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

## ဝန်းသိုဆရာတော်ကြီး၏အရိုးပြာ (သရီရဓာတုဒက) ရေမျှောပူဇော်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၂၂**

ဓမ္မရက္ခိတဝန်းသိုကျောင်း ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန သာခုကီဠနပူဇာ သဘင်အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ကျင်းပပူဇော်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းက ဆရာတော်ကြီး၏ အရိုးပြာ (သရီရဓာတုဒက)ရေမျှောပူဇော်ပွဲကို ကျင်းပသည်။

ဆရာတော်ကြီး၏ အရိုးပြာကို ရွှေမိုးတောင်ပေါ်မှတစ်ဆင့် မိုင်းနားဆိပ်ကမ်းသို့ နတ်မြင်းပျံယာဉ်ဖြင့် ပင့်ဆောင်ကြကာ မိုင်းနားဆိပ်ကမ်း၌ ကရဝိက်ဖောင်ပေါ်သို့ ပင့်ဆောင်ကြပြီး ဝန်းသိုကျောင်း မြစ်ဆိပ်ရေလယ်၌ ရေမျှောပူဇော်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အထည်အလိပ်လုပ်ငန်းမြေနေရာနှင့် စက္ကူထုပ်ပိုး ပစ္စည်းစက်ရုံ (သန်လျင်)အား ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သီလဝါစက်မှုဇုန်ရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင် အထည်အလိပ်လုပ်ငန်းနှင့် ပတ်သက်သော အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်မည့် မြေနေရာနှင့် စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ(သန်လျင်)ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်းပိုင်မြေနေရာ ၃၈၉ ဧကပေါ်တွင် အထည်အလိပ် စက်မှုဖွံ့ဖြိုးရေးဇုန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အဆိုပါမြေနေရာတွင် တည်ဆောက်မည့် စီမံကိန်းလျာထားချက်များနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် စက္ကူထုပ်ပိုးစက်ရုံ (သန်လျင်)သို့ သွားရောက်ပြီး စက်ရုံအတွင်း ပြည်ပသို့တင်ပို့မည့် ပစ္စည်းများအတွက် ထုတ်လုပ်လျက်ရှိသော စက္ကူထုပ်ပိုးပစ္စည်းများ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်မီစွာ ကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊ PPP စနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရေး၊ အရည်အသွေးစစ်ဆေးကြပ်မတ်ရေး၊ စက်ရုံဝန်ထမ်းများ၏ လုပ်ငန်း ဆောင်ရွက်ရေးတို့တွင် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်ရေး၊ စက်ရုံအတွင်း အစဉ်အမြဲ သန့်ရှင်းသပ်ရပ်စွာ ရှိနေစေရေး၊ နည်းပညာသစ်များနှင့် နိုင်ငံတကာအဆင့်မီ ပစ္စည်းများအား တီထွင်ထုတ်လုပ်ရေးတို့ကို မှာကြားသည်။



အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင်မြေနေရာရှိ သီလဝါဆည်အား ရေဂါလန် သန်း ၈၀ မှ သန်း ၃၀၀ အထိ တိုးမြှင့်သိုလှောင်ရန်ရှိပြီး ထပ်မံဖြစ်ပေါ်လာမည့် အထည်အလိပ် စက်မှုဇုန်အတွက်လည်း ရေလိုအပ်ချက်ကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယင်းဇုန်စီမံကိန်းအတွက် Developer ခေါ်ယူ၍ စနစ်တကျစီမံဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်း အကောင်အထည်ပေါ်လာပါက ပတ်ဝန်းကျင် ပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိလာစေမည်ဖြစ်သည်။ အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိပိုင်ထုတ်ကုန်များကို မိမိအစီအစဉ်ဖြင့် "မြန်မာပြည်မှ ထုတ်လုပ်သည်" မှ "မြန်မာပြည် ဒီဇိုင်း"အဖြစ် ထုတ်လုပ်နိုင်သည်အထိ စီစဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## နှလုံးနှင့် ရင်သားကင်ဆာရောဂါအကြောင်း သိကောင်းစရာပညာပေးဟောပြော

**တောင်ငူ အောက်တိုဘာ ၂၂**

နှလုံးရောဂါနှင့် ကင်ဆာရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက် ညနေပိုင်းက တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ပဲခူးတိုင်းဒေသကြီး)နာယက ဦးကျော်လှ(သမာဓိ) နှင့် တောင်ငူဒေသမှ ကျန်းမာရေးစိတ်ပါဝင်စားကြသူများ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေးပွဲတွင် နှလုံးခုန်နှုန်းစည်းချက်မမှန်ခြင်းအကြောင်းကို ဗန်ကောက်ဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာယော့စ်ဆဗီအောက်ကယဂွန်းကလည်းကောင်း၊ ရင်သားကင်ဆာအကြောင်းကို ရင်သားခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဆာတစ်စရီမွန်တာယာဖတ်စ်က လည်းကောင်း အသီးသီးရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

✱ ကျောဖုံးမှ

မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအက အဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က လွှတ်တော်အဆောက်အအုံရှေ့တွင် ဇကရာဇ်ပင်ကို အမှတ်တရစိုက်ပျိုးပေးကြပြီး ဒေသအတွင်း နိုင်ငံရေးပါတီအဖွဲ့က ကံ့ကော်ပင်များ စိုက်ပျိုးပေးကြကာ လွှတ်တော်အဆောက်အအုံအား ကြည့်ရှုစစ်ဆေး၍ ဧည့်သည်တော်မှတ်တမ်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လက်မှတ်ရေးထိုးကြသည်။

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ ရုံးသစ်ဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ နိုင်ငံရေးပါတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လွှတ်တော်အဆောက်အအုံရှေ့တွင် ဇကရာဇ်ပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာ မူလတန်းနှင့် အလယ်တန်းစာမေးပွဲများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ နှစ်စဉ်သင်တန်းများပေးပြီး အောင်စာရင်းများ အချိန်မီထွက်ရှိနိုင်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာမေးပွဲလုပ်ငန်းဖြစ်သည့်အတွက် မေးခွန်းမှန်ကန်မှုရှိရန် အရေးကြီးပါကြောင်း၊ သင်ခန်းစာများ လွှမ်းခြုံမှုပါဝင်ရန် အရေးကြီးပါကြောင်း၊ မေးခွန်းများပြုစုပြီးပါက မေးခွန်းဖြန့်ဝေသည့်အခါမှ အောင်စာရင်းထွက်သည်အထိ မေးခွန်းနှင့် အမှတ်စာရင်း မပေါက်ကြားဘဲ လုံခြုံမှုရှိစေရေး၊ အောင်စာရင်းများပြုစုသည့်အခါတွင် မှားယွင်းမှုမရှိစေရန် အရေးကြီးပါကြောင်း၊ သင်တန်းသား သင်တန်းသူများအား အဓိကမှာကြားလိုသည်မှာ မေးခွန်းမှားယွင်းမှုမရှိစေရေး၊ မေးခွန်းလုံခြုံမှုရှိစေရေးတို့ကို အထူးဂရုစိုက်ရန်လိုအပ်ပြီး လုံခြုံစိတ်ချမှုနှင့် မပေါက်ကြားစေရန် အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်သူပပျောက်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မည်သည့်ခွဲခြားမှုမျှမရှိဘဲ ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်လက်ခံခြင်း၊ အခက်အခဲအကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်ဆုံးရှုံးနေသူများကို ပညာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ မည်သည့်ငွေကြေး၊ လက်ဆောင်ပစ္စည်းကိုမျှလက်မခံဘဲ စေတနာ၊ ဝါသနာ စိတ်ဓာတ်အပြည့်ဖြင့် အနစ်နာခံ သင်ကြားသင်ယူ လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ သင်ရိုးညွှန်းတမ်းအသစ်များတွင် ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်ကို ဦးတည်ရေးဆွဲလျက်ရှိပါကြောင်း။

အလွတ်ကျက်မှတ်သင်ကြားနည်းမှ စဉ်းစားတွေးခေါ်မှုများကို ပိုမိုအားကောင်းလာစေရေးအတွက် ဆရာ ဆရာမအားလုံး စနစ်သစ်၊ သင်ရိုးညွှန်းတမ်းအသစ်များ၏ သင်ကြားနည်းစနစ်များကို သိရှိနားလည်နိုင်ရန် သင်တန်းများပို့ချလျက်ရှိပါကြောင်း၊ ဆရာ ဆရာမ သင်တန်းသားများအနေဖြင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်အောင် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရရှိအောင်၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်သော စိတ်ဓာတ်ရှိအောင်၊ တီထွင်ကြံဆတတ်အောင် သင်ကြားလေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် အရည်အသွေးရှိသော ပညာရေးစနစ်ဖြစ်ထွန်းအောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် သင်ယူမှုရလဒ်များနှင့် အသေးစိတ်အညွှန်းဇယား (TOS)တည်ဆောက်ပုံကို ရှင်းလင်းခြင်း၊ TOS ကို အခြေခံ၍ မေးခွန်းဟောင်းများလေ့လာစိစစ်ခြင်း (အုပ်စုများအလိုက် ဆွေးနွေးခြင်း)၊ မေးခွန်းပုံစံအလိုက် မေးခွန်းပြုစုခြင်းဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းခြင်း၊ မေးခွန်းဟောင်းများ၏ အားနည်းချက် အားသာချက်များကို လေ့လာသုံးသပ်ခြင်း၊ အုပ်စုအလိုက် ပြန်လည်တင်ပြခြင်း၊ ဆွေးနွေးမည့်လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားခြင်း၊ ဘာသာရပ်အလိုက် အဖွဲ့ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပြောကြားပြီး အစုအဖွဲ့အလိုက် ဆွေးနွေးခြင်း၊ ကွန်ပျူတာစာရင်း ထိန်းသိမ်းနည်းစနစ်အကြောင်း ဆွေးနွေးခြင်း၊ တာဝန်ခံများစာရင်းပြုစုခြင်းနှင့် ကွန်ရက်ဖွဲ့စည်းခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆွေးနွေးပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆရာ ဆရာမ ၈၀၄ ဦး တက်ရောက်လျက်ရှိပြီး အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ခုနစ်ရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

✱ ရှေ့ဖုံးမှ

အောင်မြင်အောင်လို့ ဒီပွဲကို ပါဝင်ဆင်နွှဲရခြင်းဖြစ်ပါတယ်”ဟု ပြောသည်။

ထောက်ခံပွဲများ ကျင်းပခြင်းနှင့်ပတ်သက်၍ ၎င်းက “လူထုထောက်ခံပွဲတွေ ရှိခြင်းအားဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း စိတ်ခွန်အားတွေဖြစ်စေမယ်။ တစ်နိုင်ငံလုံးရဲ့အကျိုးတွေ၊ ငြိမ်းချမ်းရေးတွေ၊ ဒီမိုကရေစီလမ်းကြောင်းတွေ ဖော်ဆောင်သွားနိုင်ဖို့အတွက် အရေးပါတဲ့ ထောက်ခံပွဲတွေလို့ မြင်ပါတယ်”ဟု ပြောသည်။

ထောက်ခံပွဲသို့ တက်ရောက်ခဲ့သည့် လယ်ဝေးမြို့နယ် ပြည်သူတစ်ဦးက “ဒီလို ထောက်ခံပွဲတွေ ကျင်းပတာကို ကြိုက်ပါတယ်။ လူထုအနေနဲ့လည်း စိတ်အားတက်ကြွစွာ ထောက်ခံအားပေးနေတယ်။ အလွှာအသီးသီးကလည်း လာပြီးထောက်ခံအားပေးကြတယ်။ အခုမိုးရွာနေတယ်။ ဒါပေမယ့် ရတဲ့အခြေအနေနဲ့ အားပေးနေကြတာ အားရစရာကောင်းပါတယ်”ဟု ပြောသည်။

**(သတင်းစဉ်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးလေးရုံး အထူးသဖြင့် မြင်သာရုံး၌ ဝန်ထမ်းအင်အား၊ ရုံးဧရိယာအကျယ်အဝန်းနှင့် မှတ်ပုံတင်လာရောက်ဆောင်ရွက်နေသော ယာဉ်စီးရေမမျှတမှုကြောင့် လုပ်ငန်းဆောင်ရွက်သူပြည်သူများ အဆင်မပြေဖြစ်နေသည့် အခြေအနေကို အမြန်ဆုံးဖြေရှင်းပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ် ကားတင်သွင်းခွင့် မူဝါဒမပြောင်းလဲခင်တုန်းက ယာဉ်စီးရေပေါင်း ၂ ဒသမ ၃၅ သန်းရှိတယ်။ ဒီနေ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလ စာရင်းအရ ၆ ဒသမ ၆၈ သန်းရှိတယ်။ ဒီတော့ ယာဉ်စီးရေဟာ ၂၀၁၁ ခုနှစ်နဲ့ယှဉ်ရင် ၂ ဒသမ ၈၄ ဆတိုးလာတယ်။ ယာဉ်စီးရေ သုံးဆနီးပါးတိုးလာပေမယ့် ဝန်ထမ်းအင်အားက ဘာမှတိုးမလာဘူး။ အရင်တိုင်းပဲ။ ဖွဲ့စည်းပုံလည်း မပြောင်းဘူး။ ခန့်အပ်အင်အားလည်း သိသိသာသာ မပြောင်းဘူး။ အလားတူ ကညနရုံးတွေရဲ့ ဧရိယာအကျယ်အဝန်းကလည်း မူလအတိုင်းပဲ။ ဒီတော့ Rapid Motorization ကြောင့် သုံးဆတိုးလာတဲ့ ယာဉ်စီးရေအပေါ်မှာ ဝန်ထမ်းအင်အားနဲ့ ရုံးဧရိယာအကျယ်အဝန်းက မလိုက်နိုင်တဲ့သဘောပါ”ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာလစာရင်းများအရ မြန်မာနိုင်ငံ၌ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်စီးရေ ၉၈၆၈၄၇ စီးရှိသည့်အနက် ရန်ကုန်လိုင်စင်စီးရေ ၅၃၁၆၉၉ စီးရှိရာ မော်တော်ယာဉ်အားလုံး၏ ၅၄ ရာခိုင်နှုန်းဝန်းကျင် ရန်ကုန်၌ရှိနေခြင်းဖြစ်သည်။ ရန်ကုန်လိုင်စင်ယာဉ်စီးရေ များပြားလွန်းသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးလေးရုံးတွင် ယာဉ်မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်သည့် ယာဉ်များ နံနက်မိုးမလင်းမီကပင် ကြိုတင်တန်းစီရခြင်း၊ ရုံးဝင်းအတွင်းယာဉ်များ ပြည့်သိပ်ကျပ်ညပ်နေခြင်း၊ ရုံးဝင်းပြင်ပအထိ တန်းစီနေသည့် ယာဉ်တန်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ရာ၌ ပုံမှန်လိုအပ်သည်ထက် အချိန်ကြန့်ကြာခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်စေရေးအတွက် လိုအပ်သည့် ယာဉ်စစ်နှင့် ယာဉ်မှတ်ပုံတင်ဝန်ထမ်းအင်အားများ တိုးမြှင့်ခန့်ထားခြင်း၊ ကွန်ပျူတာ၊ ပရင်တာ အပါအဝင် စက်ပစ္စည်းကိရိယာများ ထပ်မံဖြည့်တင်းခြင်းများ ဆောင်ရွက်ထားပြီး လုပ်ငန်းများကို အဆိုင်းများတိုး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ထက် ပိုမိုမြန်ဆန်ချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ဝန်ထမ်းတွေက ပုံမှန်ရုံးချိန်ထက်ပိုပြီး တာဝန်ထမ်းဆောင်နေကြရပါတယ်။ မနက်ဆို ၇ နာရီခွဲ ၈ နာရီလောက်ကစပြီး ညနေဘက်ဆို လုပ်ငန်းမပြတ်ရင် မပြတ်သလို ညနေ ၆ နာရီခွဲ ၇ နာရီလောက်အထိ ကြိုးစားလုပ်ပေးနေကြရပါတယ်။ ယာဉ်မှတ်ပုံတင်လုပ်ငန်းတွေ ပိနေတဲ့ကြားထဲက ပြည်သူတွေ ယာဉ်ဝယ်ရောင်းကြရာမှာ အမှန်တကယ် မှတ်ပုံတင်ထားတဲ့ယာဉ် ဟုတ်၊ မဟုတ် လာရောက်ပြသစိစစ်တာတွေများလာလို့ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်းလုပ်ငန်းကိုလည်း အများပြည်သူဝန်ဆောင်မှုအနေနဲ့ လက်ခံဆောင်ရွက်ပေးနေပါတယ်။ တတ်နိုင်သမျှကြိုးစားပြီး လုပ်ပေးနေပါတယ်။ နောင်မှာ ဒီထက်ပိုပြီး အဆင်ပြေလာအောင် ယာဉ်မှတ်ပုံတင်လုပ်ငန်းနဲ့ပတ်သက်ပြီး ရန်ကုန်ရုံးတွေမှာ online booking စနစ်ကျင့်သုံးနိုင်အောင်လည်း စီစဉ်ဆောင်ရွက်နေပါတယ်”ဟု အဆိုပါအကြီးတန်းအရာရှိက ရှင်းပြသည်။

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စေရေး၊ ယာဉ်များ၏ ကြံ့ခိုင်မှုပိုမိုကောင်းမွန်စိတ်ချရစေရေးနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို ပုဂ္ဂလိကကဏ္ဍမှ Inspection Center များ ထူထောင်၍ Multi Test Lane များဖြင့် စစ်ဆေးဆောင်ရွက်ခွင့်ပြုနိုင်ရန် စည်းမျဉ်းများရေးဆွဲပြုစုထားပြီးဖြစ်ကြောင်း၊ အတည်ပြုရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေဆဲဖြစ်ပြီး အတည်ပြုချက်ရရှိ၍ ပုဂ္ဂလိက Inspection Center များက ယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို တာဝန်ခွဲယူချိန်တွင် ယခုအခက်အခဲများ ပြေလည်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂျပန်၌ အောက်လွှတ်တော် ရွေးကောက်ပွဲကျင်းပ၊ အယ်လ်ဒီပီပါတီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့ အောင်ပွဲခံဖွယ်ရှိ

**တိုကျို အောက်တိုဘာ ၂၂**

ဂျပန်နိုင်ငံ၌ အောက်လွှတ်တော် ရွေးကောက်ပွဲကို အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပရာ ပြည်သူများ မဲပေးလျက်ရှိကြကြောင်း၊ ယခု ကျင်းပသော ရွေးကောက်ပွဲသည် လက်ရှိ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား ဆက်လက်၍ အာဏာအပ်နှင်းလိုခြင်း ရှိ မရှိ ပြည်သူ့ဆန္ဒကို အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲအကြိုကာလတွင် သတင်းဌာနများက ပြုလုပ်သော လူထုစစ်တမ်းများအရ ဝန်ကြီးချုပ်အာဘေး၏ ကွန်ဆာဗေးတစ် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ) ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က အမတ်နေရာ ၄၆၅ နေရာရှိ အောက်လွှတ်တော် မဖျက်သိမ်းမီကရှိခဲ့သည့် အနေအထားဖြစ်သော အမတ်နေရာ သုံးပုံနှစ်ပုံကို ဆက်လက်ထိန်းထားနိုင်မည်ဟု မျှော်လင့်ရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ဝန်ကြီးချုပ်ရာထူးနေရာတွင် စတင်တာဝန်ထမ်းရွက်ခဲ့သူ အာဘေးသည် ရွေးကောက်ပွဲ၌ ပြတ်ပြတ်သားသား အောင်ပွဲခံမည်ဆိုပါက လာမည့် စက်တင်ဘာလတွင် အယ်လ်ဒီပီပါတီ ခေါင်းဆောင်အဖြစ် တတိယမြောက် သုံးနှစ်သက်တမ်းကို ရယူနိုင်ခြင်းဖြင့် ဂျပန်နိုင်ငံ၌ ကာလသက်တမ်းအရှည်ကြာဆုံး တာဝန်ထမ်းရွက်သော ဝန်ကြီးချုပ် ဖြစ်လာမည်ဆို၏။



ယခုကျင်းပသော ရွေးကောက်ပွဲတွင် အယ်လ်ဒီပီပါတီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က အောင်ပွဲခံမည်ဆိုပါက ဒုတိယကမ္ဘာစစ်ပြီးကာလ ရေးဆွဲခဲ့သော ဂျပန်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲလိုသော ဝန်ကြီးချုပ် အာဘေး၏ ရည်မှန်းချက်မှာ ပေါက်မြောက်လာဖွယ်ရှိကြောင်း၊ ဂျပန်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒကို ဗဟိုပြုထားသော အာဘေး၏ စီးပွားရေးမူဝါဒကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် လမ်းပွင့်သွားမည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ပြောသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ်-၉ အရ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့အား စစ်အင်အားတိုးချဲ့ခြင်းကို ကန့်သတ်ပိတ်ပင်ထားပြီး ဝန်ကြီးချုပ် အာဘေးအနေဖြင့် တပ်မတော်၏ အဆင့်အတန်းကို ပြင်ဆင်ပြောင်းလဲနိုင်စေခြင်းဖြင့် အနာဂတ်ကာလတွင် ဂျပန်တပ်ဖွဲ့က ပင်လယ်ရပ်ခြားအထိ စစ်ဆင်ရေးဆောင်ရွက်နိုင်မှု အခန်းကဏ္ဍမြင့်မားလာစေရန် ရည်မှန်းသည်။

အသက်(၆၃)နှစ်ရှိ အာဘေးသည် အယ်လ်ဒီပီပါတီ၏ အကြီးအမှူးနေရာတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ချိန်နောက်ပိုင်း ရွေးကောက်ပွဲများတွင် ၎င်း၏ ပါတီကို လေးကြိမ်တိုင်တိုင် သောင်ပြိုကမ်းပြို အောင်ပွဲခံနိုင်စေရန် ဦးဆောင်မှုပေးနိုင်ခဲ့သည်။

**ရိုက်တာ။**

## အကြီးဆုံးသော ရေနံမြေတစ်ခုကို ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ သိမ်းပိုက်

**ဒမတ်စကတ် အောက်တိုဘာ ၂၂**

ဆီးရီးယားနိုင်ငံရှိ အရွယ်အစားအကြီးမားဆုံး ရေနံမြေများတွင် ပါဝင်သော အယ်လ်အိုမာ ရေနံမြေကို အမေရိကန်က ထောက်ခံသော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့က သိမ်းပိုက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဒိုင်အယ်လ်ဇိုအာပြည်နယ်၏ ကျေးလက်ဒေသတွင် တည်ရှိသော အယ်လ်အိုမာရေနံမြေကို ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့က အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) ထိန်းချုပ်မှုအောက်မှ ပြန်လည်သိမ်းယူလိုက်ကြောင်း အဆိုပါတပ်ဖွဲ့က ပြောသည်။

အယ်လ်အိုမာ ရေနံမြေသည် တစ်ရက်လျှင် ရေနံစည်ပေါင်း ၃၀၀၀၀ ထုတ်လုပ်လျက်ရှိပြီး ရေနံမြေဒေသအတွင်း ဓာတ်ငွေ့စက်ရုံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ တည်ရှိသည်။

အိုင်အက်စ်အဖွဲ့၏ မြို့တော်အဖြစ် သတ်မှတ်ထားသော ရက်ကာမြို့ကို ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့က သိမ်းပိုက်နိုင်ခဲ့ပြီး ရက်ပိုင်းအကြာတွင် အယ်လ်အိုမာ ရေနံမြေကို သိမ်းယူနိုင်ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

## ကာတာလိုနီးယားဒေသအား စပိန်အစိုးရက တိုက်ရိုက်အုပ်ချုပ်မှုကို လက်မခံနိုင်ဟုဆို

**ဘာစီလိုနာ အောက်တိုဘာ ၂၂**

စပိန်ဗဟိုအစိုးရအဖွဲ့က မိမိတို့၏ဒေသအား တိုက်ရိုက်အုပ်ချုပ်ခြင်းကို လက်ခံနိုင်မည်မဟုတ်ဟု ကာတာလိုနီးယား ဒေသခေါင်းဆောင်များက ပြောကြားလိုက်ကြောင်း၊ အမျိုးသားစီးပွားရေးဘဝကို ထိခိုက်စေပြီး ကာလရှည်လူမှုရေး မငြိမ်သက်မှုဖြစ်ပေါ်စေနိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ပေါ်ထွက်စေသော နိုင်ငံရေးအကျပ်အတည်းမှာ ပြေလျော့မည့်လက္ခဏာများ ပြသခြင်းမရှိသေးကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာတာလိုနီးယား ဒေသန္တရအစိုးရအဖွဲ့အား ဖြုတ်ချနိုင်စေရန်လည်းကောင်း၊ လွတ်လပ်ရေးကြေညာရန် ဦးတည်သော ဒေသဆိုင်ရာ နိုင်ငံရေးလှုပ်ရှားမှု အဆုံးသတ်စေရေးအတွက် ဒေသန္တရရွေးကောက်ပွဲသစ် ကျင်းပနိုင်စေရန်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် သတ်မှတ်ခံထားရသော ယင်းဒေသကို ဗဟိုအစိုးရအဖွဲ့က တိုက်ရိုက်အုပ်ချုပ်မည်ဟု စပိန်ဝန်ကြီးချုပ် မာရီယာနို ရေဂျွိုင်းက အောက်တိုဘာ ၂၁ ရက် အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

စပိန်မှ ခွဲထွက်ရေးကို ဆန္ဒသဘောထား ဖော်ထုတ်သည့် ပြည်သူ့ဆန္ဒခံယူပွဲအပြီး အောက်တိုဘာ ၁၀ ရက်တွင် ကာတာလိုနီးယားခေါင်းဆောင် ကားလ်ပစ်ဒီမောင့်က လွတ်လပ်ရေးကြေညာမှုကို ဟန်ပြပြုလုပ်ခဲ့သည်။ စပိန်နိုင်ငံ၌ စစ်အာဏာရှင်စနစ် ကျင့်သုံးခဲ့ပြီးချိန်နောက်ပိုင်း ကာတာလိုနီးယားပြည်သူများ၏ဆန္ဒအား ဖီလာပြုသည့် လုပ်ဆောင်ချက်များကို ဝန်ကြီးချုပ် ရေဂျွိုင်းက ပြုလုပ်နေသည်ဟု ပက်ဒီမောင့်က ဝေဖန်ခဲ့သည်။

စပိန်နိုင်ငံ၌ ဒီမိုကရေစီစနစ် ပြန်လည်ကျင့်သုံးခဲ့ချိန်နောက်ပိုင်း ဒေသန္တရအစိုးရအဖွဲ့၏ အခွင့်အာဏာကို ပြန်လည်ရုပ်သိမ်းနိုင်ရန် ဗဟိုအစိုးရအဖွဲ့က ယင်း၏ လုပ်ပိုင်ခွင့်အာဏာများ ကိုင်စွဲလာခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်ဆို၏။


နိုင်ငံပြိုကွဲမှုကို ဦးတည်နေပြီး အမျိုးသားစီးပွားရေး တိုးတက်မှုနှုန်းကို ထိခိုက်စေသော ခွဲထွက်ရေးလှုပ်ရှားမှုကြောင့် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်ရသည်ဟု ရေဂျွိုင်းက ပြစ်တင်ပြောကြားသည်။ စပိန်နိုင်ငံသည် ယူရိုဇုန်တွင် စတုတ္ထမြောက် စီးပွားရေး အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည်။

မိမိတို့ဒေသ၏ အနာဂတ်ဘဝကို တည်ဆောက်နိုင်ရေးအတွက် လွတ်လပ်ရေးကြေညာနိုင်ရန် ကာတာလိုနီးယား ဒေသန္တရပါလီမန် အစည်းအဝေး ခေါ်ယူသင့်သည်ဟု ပစ်ဒီမောင့်က တိုက်တွန်းခဲ့သည်။

မဒရစ်ရှိ အဓိကအတိုက်အခံပါတီ၏ ထောက်ခံမှုနှင့် စပိန်ဘုရင် ဖီးလစ်၏ ထောက်ခံမှုတို့ကို ရရှိထားသော ဝန်ကြီးချုပ် ရေဂျွိုင်းသည် ကာတာလိုနီးယားဒေသအား တိုက်ရိုက်အုပ်ချုပ်နိုင်ရန် စပိန်အထက်လွှတ်တော်၏ ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

**ရိုက်တာ။**



## အားကောင်းသော တိုင်ဖုန်းမုန်တိုင်း 'လန်း' ဂျပန်နိုင်ငံသို့ ဦးတည်ရွေ့လျား

**ကျိုတို အောက်တိုဘာ ၂၂**

အားကောင်းသော တိုင်ဖုန်းမုန်တိုင်းတစ်လုံးသည် ဂျပန်နိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားလျက်ရှိသည့်အတွက် ဂျပန်နိုင်ငံ၏ ဒေသအများအပြားတွင် လေပြင်းများတိုက်ခတ်ပြီး မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

တိုင်ဖုန်း 'လန်း'သည် ဂျပန်နိုင်ငံတောင်ပိုင်းမှ မြောက်ဘက်နှင့်အရှေ့မြောက်ဘက်ပိုင်းသို့ လေတိုက်နှုန်းအရှိန် တစ်နာရီ ၄၅ ကီလိုမီတာ(တစ်နာရီ ၂၇ မိုင်)နှုန်းဖြင့် အောက်တိုဘာ ၂၂ ရက် ည ၈ နာရီ(ဒေသစံတော်ချိန်)မှ စတင် ဦးတည်ရွေ့လျားလျက်ရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက ပြောကြားခဲ့သည်။

တိုင်ဖုန်းမုန်တိုင်းကြောင့် ဂျပန်နိုင်ငံ၏ ကမ်းရိုးတန်းဒေသများဖြစ်သည့် တိုကိုင်နှင့် ကန်တိုဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်နိုင်ဖွယ်ရှိသည်။ ဂျပန်နိုင်ငံအနောက်ပိုင်းရှိ ဒေသအများအပြားတွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အပျက်အစီးများဖြစ်ပေါ်ခဲ့သည်။ ဖူကွာကူမြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် တည်ဆောက်ဆဲဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်နေရာတွင် ငြမ်းစင်ပြိုကျခဲ့သည်ဟု ဒေသန္တရအာဏာပိုင်များကဆိုသည်။ ငြမ်းစင်ပြိုကျမှုကြောင့် လမ်းသွားလမ်းလာတစ်ဦး သေဆုံးခဲ့သည်။

ရာသီဥတုဘေးအန္တရာယ်စောင့်ကြည့်သူများက အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုမှုများ၊ မြစ်ရေတက်မှု၊ လေပြင်းတိုက်ခတ်မှုနှင့် လှိုင်းကြီးမှုများဖြစ်ပေါ်နိုင်သည်ဟု ကြိုတင်သတိပေးချက်များ ထုတ်ပြန်ထားသည်။

ထို့ပြင် ပြည်သူများအား ဒေသန္တရအစိုးရ၏ အကြံပေးတိုက်တွန်းပြောကြားချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် ရာသီဥတုအခြေအနေဆိုးရွားမှုမရှိသေးခင် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် ၎င်းတို့က တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ။**

# “လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

## ပြည်သူ့စကားဝိုင်းဆီက ပြည်သူတွေရဲ့ အသံကို ကြားသိခွင့်ရသလို အစိုးရကလည်း ဖြည့်ဆည်းမှုတွေ ပြုလုပ်ပေးနိုင်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် (Community Centre)၌ “လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်”ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ပြုလုပ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသူများ ဒေသခံပြည်သူ ၇၀၀ ခန့် တက်ရောက်ကြသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းပြည်သူ့စကားဝိုင်းတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးစိုးသန်း၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာထင်ကျော်ဦးနှင့် စာပေပညာရှင် စာရေးဆရာ ဆူးငှက်၊ ယုံကြည်ရာ စာကြည့်တိုက်မှ ဦးဇော်ထက်အောင်တို့က ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသန်းက “ဒီနေ့ပြုလုပ်တဲ့ ပြည်သူ့စကားဝိုင်းဆိုတဲ့ ပွဲမျိုးကို ကျွန်တော်တို့ အရင်က မကြားခဲ့ဖူးဘူး။ ဒီကနေ့ခေတ်မှာ ပြည်သူ့စကားဝိုင်းဆိုတဲ့အသံဟာ ပြည်သူတွေအတွက် အသစ်အဆန်းတွေဖြစ်နေပါတယ်။ တကယ်တော့ ပြည်သူ့စကားဝိုင်းဆီကနေ ပြည်သူတွေရဲ့အသံကို ကြားသိခွင့်ရသလို သက်ဆိုင်ရာအစိုးရကလည်း ပြည်သူတွေအတွက် ဆောင်ရွက်ပေးနိုင်မယ့် ဖြည့်ဆည်းမှုတွေကို ပြုလုပ်ပေးနိုင်တဲ့အတွက် ပြည်သူ့အတွက် အမှန်တကယ်

> **“ဒီဆွေးနွေးပွဲကို တက်ရောက်လာကြသူတိုင်းဟာ ‘စဉ်းစားပြီးပြန်သွားရမယ်။ နားလည်ပြီး ပြန်သွားရမယ်။ ပျော်ရွှင်ပြီးပြန်သွားရမယ်။ တွေးပြီးပြန်သွားရမယ်’ ဆိုတဲ့ အချက်လေးချက်ကို ကျွန်တော်တို့မျှော်မှန်းလုပ်ဆောင်ထားပါတယ်။ အခုလို ပြည်သူ့စကားဝိုင်းတွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားတဲ့ (Community Centre ) အားလုံးမှာ ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်”**

အကျိုးရှိတဲ့ စကားဝိုင်းပါပဲ။ ဒီကနေ့ပြုလုပ်တဲ့ လူငယ်ထုကို ခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်နဲ့ စကားဝိုင်းဟာ ပြည်သူတွေရဲ့အသံတွေ၊ ကျောင်းသားလူငယ်တွေရဲ့အသံတွေ၊ သူတို့တွေရဲ့ တင်ပြချက်တွေဟာ နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက် အဖိုးတန်တဲ့ စကားသံတွေပါပဲ။ ဒါကြောင့် ဒီလိုပြည်သူ့စကားဝိုင်းပွဲမျိုးကို ပြည်သူကြားထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သင့်ပြီး ဒီလိုပွဲမျိုးကို မန္တလေးတိုင်းဒေသကြီးမှာ ဆက်လုပ်သွားဖို့ရှိပါတယ်” ဟု ပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က “ဒီကနေ့ပြုလုပ်တဲ့စကားဝိုင်းရဲ့ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီရဲ့ အင်္ဂါရပ်တွေအတိုင်း အစိုးရနဲ့ အများပြည်သူကြားမှာ ဆွေးနွေးတိုင်ပင်ရမယ့် အကြောင်းကိစ္စတွေရှိလာတဲ့အခါ ဆွေးနွေးပြောကြားနိုင်တဲ့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်ဖို့၊ မိမိရပ်ရွာဒေသမှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို အများပြည်သူအကြားမှာ ဆွေးနွေးမှုတွေရှိလာစေဖို့နဲ့ ဆွေးနွေးပွဲတွေကြောင့် ပြည်သူလူထုရဲ့ စဉ်းစားတွေးခေါ်မှုတွေ မြင့်မားလာပြီး ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးတတ်တဲ့ အလေ့အထတွေ ဖြစ်ပေါ်လာစေဖို့ပဲ ဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကို တက်ရောက်လာကြသူတိုင်းဟာ ‘စဉ်းစားပြီးပြန်သွားရမယ်။ နားလည်ပြီး ပြန်သွားရမယ်။ ပျော်ရွှင်ပြီးပြန်သွားရမယ်။ တွေးပြီးပြန်သွားရမယ်’ဆိုတဲ့ အချက်လေးချက်ကို ကျွန်တော်တို့ မျှော်မှန်းလုပ်ဆောင်ထားပါတယ်။ အခုလို ပြည်သူ့စကားဝိုင်းတွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားတဲ့ (Community Centre ) အားလုံးမှာ ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်”ဟု ပြောကြားသည်။




ပြည်ကြီးတံခွန် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က “ယနေ့ မူးယစ်ဆေးဝါးအန္တရာယ်ဟာ လူငယ်လူရွယ်ထုထဲကို ထဲထဲဝင်ဝင် ဝင်ရောက်နေပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက တိုင်းပြည်တစ်ပြည်ကို ပျက်စီးစေချင်ရင် လူငယ်တွေရဲ့ အကျင့်စာရိတ္တကို ဖျက်ဆီးလိုက်တာနဲ့ အဲဒီတိုင်းပြည်က ပျက်စီးသွားမှာဖြစ်ပါတယ်။ ဒီကနေ့ မန္တလေးမှာလုယက်မှုအချို့တွေ ဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ အဲဒီ လုယက်မှုတွေမှာပါဝင်နေတဲ့ တရားခံတွေဟာ အသက်(၁၆)နှစ်မှ အသက်(၂၀)ကြား လူငယ်တွေ ဖြစ်နေတာကို တွေ့ရပါတယ်။ အဲဒီလုယက်မှု ကျူးလွန်နေတဲ့ လူငယ်တွေကို ကြည့်လိုက်မယ်ဆိုရင် မူးယစ်ဆေးသုံးစွဲနေကြတဲ့ လူငယ်တွေဖြစ်နေပါတယ်။ ဒါကြောင့် မူးယစ်ဆေးသုံးစွဲနေသူတွေဟာ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတော့ဘဲ မိမိဘဝနဲ့ မိမိပတ်ဝန်းကျင်ကို အလွယ်တကူ ဖျက်ဆီးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ ပြည်သူ့စကားဝိုင်းကို တက်ရောက်နားထောင်နေကြတဲ့ ကျောင်းသားလူငယ်တွေအနေနဲ့ မူးယစ်ဆေးဝါးကို လုံးဝ မသုံးစွဲမိဖို့နဲ့ ရှောင်ရှားကြဖို့တိုက်တွန်းပြောကြားချင်ပါတယ်”ဟု ပြောကြားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက “ယနေ့လူငယ်ထုအတွင်းမှာ မူးယစ်ဆေးဝါးတွေဟာ နည်းမျိုးစုံနဲ့ ပျံ့နှံ့ရောက်ရှိနေပါတယ်။ ဖမ်းဆီးရမိတဲ့ တရားခံတွေရဲ့ အသက်အရွယ်အပိုင်းအခြားကို ကြည့်မယ်ဆိုရင်လည်း အသက်(၂၆)နှစ်မှ အသက်(၃၀)အတွင်း လူငယ်တွေပါဝင်နေတာတွေ့ရပါတယ်။ ၂၀၁၇ ခုနှစ် မူးယစ်ဆေးဖမ်းဆီးရရှိမှုကို ကြည့်မယ်ဆိုလျှင် မန္တလေးတိုင်းဒေသကြီးမှာ စိတ်ကြွရူးသွပ်ဆေးပြား သိမ်းဆည်းရရှိမှု ၅၈၄ မှုရှိပြီး ဆေးပြားအရေအတွက် ၂၅ သိန်းခန့် သိမ်းဆည်းရမိခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးပြဿနာနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရှေ့ဆက်ပြီး တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အတူ ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားဖို့ လိုအပ်ပါတယ်”ဟု ပြောကြားသည်။

မူးယစ်ဆေးဝါးကြောင့် နိုင်ငံ၏အရင်းအမြစ် လူငယ်များ၏ဘဝ မည်သို့ ပျက်စီးဆုံးရှုံးရပုံ၊ မည်သို့ အသိပညာပေးဆောင်ရွက်သင့်ပုံ၊ ပြည်သူများ ပါဝင်ဆောင်ရွက်ရန်လိုအပ်ပုံနှင့် ပတ်သက်၍ စာပေပညာရှင် စာရေးဆရာ ဆူးငှက်က “ယနေ့လူငယ်တွေကိုကြည့်ရင် လူငယ်တွေဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ကိုယ့်စွမ်းအားကို ပြသချင်ကြပါတယ်။ ယနေ့ ဖမ်းဆီးရမိတဲ့ တရားခံတွေကိုကြည့်ရင် အသက်အပိုင်းအခြားအလိုက် အသက် (၂၆)နှစ်မှ (၃၀)အတွင်း လူငယ်လူရွယ်တွေဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီအသက်အပိုင်းအခြားဟာ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ မွေးဖွားလာတဲ့ လူတွေလို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒီကာလမှာ မွေးဖွားကြီးပြင်းခဲ့တဲ့ လူငယ်လူရွယ်တွေဟာ လူမှုရေးလုပ်ငန်းတွေ၊ ပရဟိတလုပ်ငန်းတွေ၊ အားကစားတွေ လုပ်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ပတ်ဝန်းကျင်အခြေအနေကောင်းတွေကိုမရရှိခဲ့ကြဘူး။ ဒါကြောင့် လူငယ်လူရွယ်တွေကို ကျွန်တော်တို့တစ်တွေက ကောင်းမွန်တဲ့ ပတ်ဝန်းကျင် အခြေခံကောင်းတွေကို တည်ဆောက်ပေးဖို့လိုပါတယ်။ လူငယ်တွေ မူးယစ်သားကောင်မဖြစ်စေဖို့အတွက် လူငယ်တစ်ဦးချင်းစီရဲ့ စိတ်ထဲမှာ ယုံကြည်မှုတွေ ရှိဖို့လည်း လိုအပ်ပါတယ်။ ယနေ့ လူငယ်တွေမှာ ကျောင်းတွင်း/ကျောင်းပြင် အခြေအနေတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့တွေဟာ လူငယ်တွေအတွက် အခြေအနေကောင်းတွေ ဖန်တီးပေးရမယ်။ တရားဥပဒေစိုးမိုးတဲ့ ပတ်ဝန်းကျင် ကောင်းတွေကို ဖန်တီးပေးရမယ်။ မိတ်ဆွေကောင်းတွေကို ဖန်တီးပေးရမယ်။ အဓိကပြောချင်တာက လူငယ်တွေ မူးယစ်ဆေးဝါးမသုံးစွဲရအောင် လူငယ်တွေအတွက် ကြီးမားတဲ့အနာဂတ်ကောင်းတွေရှိအောင် ဖန်တီးတည်ဆောက်ပေးဖို့ လိုပါတယ်”ဟု ပြောကြားသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်သူ (အထက-၁၀) မန္တလေးမှ မောင်အာကာမင်းထက်က “ယခုအခမ်းအနားကို တက်ရောက်နားဆင်ရတဲ့အတွက် မူးယစ်ဆေးဝါးရဲ့ မကောင်းမှု၊ ဆိုးကျိုးအပြစ်များကို ကျွန်တော်တို့ ဦးနှောက်အတွင်း အသိပညာပွင့်လင်းလာပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကိုသာမက လူတိုင်းရဲ့ဘဝတိုးတက်ရေး မျှော်မှန်းချက်တွေကို ရိုက်ချိုးနေကြောင်းကိုလည်း သိရှိရပါတယ်။ ဒါကြောင့် ဒီအခမ်းအနားဟာ ကျွန်တော်တို့ ကျောင်းသားတိုင်းအတွက် အကျိုးများစွာရရှိစေပါတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အသိအမြင် ဗဟုသုတတွေလည်း ရရှိလာပါတယ်” ဟု ပြောသည်။

ယခုအခါ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ အန္တရာယ်မဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်ခံရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် အသက် (၁၅)နှစ်မှ (၂၉)နှစ်ကြား လူငယ်များဖြစ်သဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ပိုမိုကာကွယ်တားဆီးပေးရန် လိုအပ်သည်။ ယနေ့အချိန်တွင် မသမာသူ ဝိသမစီးပွားရေးသမားအချို့ကြောင့် မူးယစ်ဆေးဝါးများက လူငယ်ထုကို ပုံသဏ္ဌာန်မျိုးစုံဖြင့် ဖျက်ဆီးနေသည့်အတွက် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်။

**ခရိုင်(ပြန်/ဆက်)**

### ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်းအတွက် ဆိုင်ခန်းပေးသွင်းရန် နှိုးဆော်လွှာ

၁။ ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင်ထွက်ရှိမည့် စာအုပ်ဆိုင်များအနေဖြင့် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီအထိ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂။ ဆိုင်ခန်းနေရာမဲနှိုက်သည့်အစီအစဉ်အား နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ကုန်သည်လမ်းရှိ စာပေဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

၃။ သိမ်ဖြူလမ်း YMCA အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းရုံးအဖွဲ့မှူး ဒေါ်ခင်သန်းဦး ဖုန်း-၀၉-၃၀၀၀၂၃၁၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

# ဘယ်လိုစိတ်ဓာတ်ခွန်အားတွေ မွေးမြူကြမလဲ

**မနောဖြူလေး**

လူရယ်လို့ဖြစ်လာရင် ကိုယ်ခန္ဓာနဲ့ ဖွဲ့စည်းတည်ဆောက်ထားပြီး စိတ်ဆိုတဲ့အရာ တွဲလျက်ပါလာပါတယ်။ သဘာဝက ဖန်တီးထားတဲ့ ဒီနေ့ မိုးရွာရင် ရွာမယ်။ နေပူချင် ပူမယ်ဆိုတဲ့ အရာတောင် ဖြစ်ပေါ်သေးတာပဲ။ လူတွေရဲ့စိတ်မှာလည်း စိတ်ဓာတ်ကျချိန် ရှိမယ်၊ စိတ်ဓာတ်တက်ချိန် ရှိချင်ရှိမယ်။ အပူအအေး မမျှတသလိုပါပဲ။ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ဝန်းကျင်ပေါ်မူတည်ပြီး အရာအားလုံးက ပြောင်းလဲနေတဲ့အတွက် စိတ်ပျော်နေတဲ့အချိန်နဲ့ စိတ်ညစ်နေတဲ့အချိန်တွေ ရှိနေမှာ ဖြစ်ပါတယ်။ ဒီတော့ လူသားတွေက အမြဲစိတ်ပျော်နေသလား ဒါမှမဟုတ် အမြဲစိတ်ညစ်နေသလား စာဖတ်သူအရင်လေ့လာကြည့်ပါ။ အမြဲဒီလိုဖြစ်မနေဘူးဆိုတဲ့ လေ့လာတွေ့ရှိချက်ကို တွေ့ရမှာဖြစ်ပါတယ်။

တစ်ခါတလေ စိတ်ဓာတ်ကျတဲ့အခါ စာဖတ်သူစဉ်းစားရမှာက အရာအားလုံးလူတွေရဲ့ စိတ်ဓာတ်ခွန်အားကိုတိုးတက်ဖွံ့ဖြိုးစေတဲ့ အချက်ဟာ ပြင်းပြစွာယုံကြည်ခြင်းနဲ့ မဆုတ်မနစ်သောဇွဲလုံ့လဖြစ်ပါတယ်။ ဘာအလုပ်ပဲလုပ်လုပ် မိမိလုပ်တဲ့အလုပ်ကို အလွန်ပြင်းပြစွာယုံကြည်ရန်လိုအပ်ပါတယ်။ ပြင်းပြတဲ့စိတ်ခံစားချက်နဲ့ ယုံကြည်နိုင်အောင် မိမိလက်ရှိလုပ်နေတဲ့ လုပ်ငန်းရည်ရွယ်ချက်က မျှတတယ်လို့ ယုံကြည်နေရမယ်။ လူသားတွေ ကောင်းကျိုးအတွက် ဖြစ်တယ်လို့ ယုံကြည်ရမယ်။ တရားနည်းလမ်းကျတယ်ဆိုတာ ယုံကြည်ရမယ်။ ဒီလိုမျိုးပြင်းပြင်းပြပြယုံကြည်သူတွေမှာ မဆုတ်မနစ်တဲ့ ဇွဲလုံ့လဆိုတာ ဖြစ်တည်ပါတယ်။ ကမ္ဘာပေါ်မှာ စစ်တပ်ကြီးတွေ၊ နိုင်ငံကြီးတွေဟာ အလွန်အင်အားကြီးမားသော်လည်း တာဝန်ယူနေသူတွေဟာ မိမိတို့လုပ်နေရတာကို မိမိတို့မယုံကြည်တော့ဘူးဆိုရင် ဘာဇွဲလုံ့လမှမရှိတော့ဘဲ ဇွဲစိတ်ဓာတ်ပျောက်ကွယ်သွားတဲ့နေ့ဟာ အရာရာကိုဆုံးရှုံးသွားတဲ့နေ့ ဖြစ်ပါတယ်။ တကယ်တော့ ဇွဲရှိတယ်ဆိုတာ ပြောတာသာလွယ်ပြီး တကယ်အလုပ်မှာတော့ မလွယ်လှပါဘူး။ တကယ်တမ်းခံစားလာရချိန်မှာ မိမိခံစားနိုင်တဲ့အတိုင်းအဆထက် များစွာပိုမိုခံစားကြရတာဖြစ်ပါတယ်။ ဒါတွေကိုကျော်လွှားနိုင်မှသာ ဇွဲရှိသူလို့ခေါ်ပါတယ်။ ကျွန်မဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားတာကတော့ ကောက်ရိုးမီးပါပဲ။ ဘာကြောင့် ကောက်ရိုးမီးလဲဆိုရင် ဟုန်းခနဲထတောက်ပြီး ငြိမ်းသွားတဲ့အခါ ပြာမှုန့်တောင် မကျန်လောက်အောင်ကို ဖြစ်လေ့ဖြစ်ထရှိလို့ပါပဲ။ စာဖတ်သူကိုတော့ ဒီလိုမဖြစ်စေချင်ပါ။

ကျွန်မတို့ဟာ အရာရာကိုဇွဲနဲ့လုပ်မယ်ဆိုတဲ့စိတ် အစဉ်ကိန်းအောင်းနေဖို့ အလွန်လိုအပ်ပါတယ်။လူသားတွေဟာ အောင်မြင်မှုကိုလိုလားသူများဖြစ်ပါတယ်။ ရှုံးနိမ့်မှုဆိုတာ ကြားတောင်မကြားလိုသူများဖြစ်ပါတယ်။ ဒါပေမယ့် လူ့ဘဝမှာ ကြုံတွေ့ရမှာက အောင်မြင်မှုရော၊ ဆုံးရှုံးမှုရောနှစ်မျိုးစလုံးပါပဲ။ အောင်မြင်မှုရရှိချိန်မှာ လူသားတွေဟာပျော်ရွှင်ကြတယ်။ ဝမ်းသာကြတယ်။ ဂုဏ်ယူလေ့ရှိကြပါတယ်။ ရှုံးနိမ့်လိုက်ပြီဆိုတာနဲ့ ဝမ်းနည်းတတ်ကြပါတယ်။ ယူကျုံးမရဖြစ်ကြတယ်။ ရှက်ကြတယ်။ လူတွေနဲ့ ဝေးရာကို ရှောင်နေချင်တယ်။ အားငယ်စိတ်တွေ၊ စိတ်ဓာတ်ကျမှုတွေလိုက်လာတာပါပဲ။ ဒါကြောင့် ရှုံးနိမ့်ရမှာကိုအလွန်ကြောက်ကြပါတယ်။ဒါပေမယ့် ရှုံးနိမ့်မှုတွေကို ရှောင်လွှဲလို့မရနိုင်ပါဘူး။ တကယ်တမ်းကျတော့ အောင်မြင်မှုတွေဟာ ရှုံးနိမ့်မှုတွေကစတာများပါတယ်။ ရှုံးနိမ့်မှုတွေဟာ အောင်မြင်မှုကိုတက်လှမ်းမယ့်လှေကားထစ်တွေဖြစ်ပါတယ်။ လူသားတွေဟာ ကိုယ်ပိုင်လုပ်ငန်းငယ်လေးတွေလုပ်ကိုင်ကြသည်မှသည် မိမိယုံကြည်ရာ ရည်ရွယ်ချက်များကို ပြီးမြောက်အောင်လုပ်လိုသူများအထိ အောင်မြင်အောင် ကြိုးစားနေကြရမှာဖြစ်ပါတယ်။

အောင်မြင်ရန်အတွက် ပထမအရေးအကြီးဆုံးလိုအပ်ချက်က ထက်သန်ပြင်းပြတဲ့ စိတ်ဖြစ်ပါတယ်။ မိမိရည်ရွယ်ချက်ကိုမိမိ ပြင်းပြင်းပြပြ ယုံကြည်ရမှာဖြစ်ပါတယ်။ လျော့ရိလျော့ရဲနဲ့ ပြီးစလွယ်ဆိုရင် အောင်မြင်ရန်မဖြစ်နိုင်ပါ။ ထက်သန်ပြင်းပြတဲ့ စိတ်ဆိုတာက မိမိလုပ်ဆောင်နေတဲ့ ကိစ္စတွေ၊ မိမိရဲ့ ရည်ရွယ်ချက်တွေဟာ မျှတပြီး အများသဘောတူထားတဲ့ တရားဥပဒေနှင့်အညီဖြစ်တယ်ဆိုတာကို အရင်ဆုံးယုံကြည်မှုပါပဲ။ ဒီလိုမှ မယုံကြည်ဘူးဆိုရင် ဇွဲလုံ့လဆိုတာ ဘယ်တော့မှပေါ်မလာတော့ပါဘူး။ မိမိလုပ်နေတဲ့အလုပ်ကိုယုံကြည်တယ်လို့ဆိုတဲ့နေရာမှာ ယုံကြည်ပြီဆိုမှတော့ ဒီအလုပ်ကိုလုပ်ရတာလည်း ကြိုက်မှာပါပဲ။ အလုပ်လုပ်နေရတာကိုက ရင်ထဲမှာစိတ်ဓာတ်ခွန်အားတွေအပြည့်နဲ့ ပျော်ပျော်ရွှင်ရွှင် လုပ်နေမှာ ဖြစ်ပါတယ်။ ဒီအလုပ်ကိုလုပ်ရတာမကြိုက်ပြန်ရင်လည်း အောင်မြင်ဖို့ဆိုတဲ့နေရာမှာမလွယ်ကူလှပါဘူး။ နောက်တစ်ခု ယုံကြည်ရမှာက ကိုယ်လုပ်နေတဲ့အလုပ်တွေဆိုတာ မိမိအတွက်လည်းကောင်းတာ ဖြစ်တယ်။ မိမိရဲ့မိသားစုနဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေလည်း ကောင်းတာဖြစ်ရမယ်။ မိမိရဲ့လူ့အသိုင်းအဝိုင်းအတွက်လည်း ကောင်းတာဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်နဲ့ ရင်မှာပြင်းပြင်းပြပြယုံကြည်ရမှာဖြစ်ပါတယ်။ နဂိုကတည်းကိုက ပျော့ပျော့ညံ့ညံ့နဲ့ အရှုံးပေးလိုစိတ်ရှိသူတွေဟာ အောင်မြင်ဖို့ဝေးစွ ရှင်သန်ဖို့တောင် မလွယ်ကူပါဘူး။ ဒါကြောင့် အောင်မြင်ရန်အတွက် အရေးကြီးဆုံးပထမအချက်က ထက်သန်ပြင်းပြတဲ့ စိတ်ဖြစ်ပါတယ်။

နောက်စိတ်ဓာတ်ကျလာပြီဆိုရင် ခဏတာလုပ်လက်စတွေကို ရပ်ထားပြီး ပျော်ရွှင်စေမယ့်၊ စိတ်ကိုအနားပေးစေမယ့် အပြုအမူတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ စိတ်ညစ်နေတဲ့အချိန်မှာအပေါင်းအသင်းနဲ့ ဈေးဝယ်ထွက်တာပဲဖြစ်ဖြစ်၊ လေကောင်းလေသန့်ရနိုင်မယ့်နေရာမှာ ခဏတာအပန်းဖြေတာပဲဖြစ်ဖြစ် လူတစ်ဦးနဲ့တစ်ဦး စိတ်ညစ်ပုံစိတ်ညစ်နည်းမတူညီတဲ့အခါ ကိုယ်ဘယ်အရာကိုလုပ်ဖို့အားသန်သလဲဆိုတဲ့အပေါ်မှာမူတည်ပြီး ပြုမူဆောင်ရွက်ကြည့်လိုက်ပါ။ မိမိရဲ့ တောင့်တမှုဟာ မီးများလိုလောင်မြိုက်နေမှ အောင်မြင်မှာဖြစ်ပါတယ်။

လူသားတိုင်း စိတ်နဲ့ဆက်နွယ်နေတဲ့ ကိုယ်ခန္ဓာတစ်ခုလုံးရဲ့ သွေးလည်ပတ်မှု မှန်ကန်အောင်နဲ့ စိတ်ဓာတ်မကျစေဖို့ အရေးကြီးဆုံးအချက်ကတော့ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်နေဖို့ပဲ ဖြစ်ပါတယ်။ ဒါမှသာ စိတ်ဓာတ်ကျခြင်းဆိုတဲ့ အနှောင့်အယှက် တစ်စုံတစ်ရာ မဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။ အမြဲတမ်းစိတ်ညစ်၊ စိတ်ရှုပ်နေသူများနဲ့သာဖွဲ့စည်းထားတဲ့ ပတ်ဝန်းကျင်ဆိုရင်တော့ စာဖတ်သူအနေနဲ့ စိတ်ဓာတ်တက်ကြွလာဖွယ် အချည်းနှီးဖြစ်မှာအမှန်ပဲ ဖြစ်ပါတယ်။ စိတ်ဓာတ်မြှင့်တင်ဖို့ စိတ်ဓာတ်ခွန်အားတွေ ဖြစ်စေမယ့် စာအုပ်တွေ လက်လှမ်းမီသလောက် ဖတ်ရှုသင့်ပါတယ်။ နောက်တစ်ချက်က ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပါ။ စာဖတ်သူအမြဲပေါင်းသင်းနေတဲ့သူတွေနဲ့ ပတ်သက်လို့ ဂရုစိုက်ပါ။ ပျော်ရွှင်တဲ့သူတွေ၊ အကောင်းမြင်တတ်သူတွေနဲ့ ပေါင်းသင်းမယ်ဆိုရင် သင်လည်းပိုပြီး ပျော်ရွှင်လာပါလိမ့်မယ်။ အကယ်၍ သင့်အပေါင်းအသင်းတွေဟာ အဆိုးမြင်တတ်သူတွေဖြစ်နေမယ်ဆိုရင်တော့ အဲဒီအတွေးတွေဟာ သင့်ကိုလည်း လွှမ်းမိုးလာနိုင်တယ်ဆိုတာဂရုပြုပါ။

စာဖတ်သူရဲ့ဘဝဟာ တခြားတစ်ယောက်ယောက်ရဲ့ဘဝနဲ့ ဘယ်တော့မှ တစ်သမတ်တည်းမတူနိုင်ပါဘူး။ ကိုယ်မတတ်နိုင်တဲ့ အဝတ်အစား ဝတ်တဲ့သူတွေ၊ ကိုယ်မစီးနိုင်တဲ့ကားစီးတဲ့သူတွေ၊ ကိုယ်မနေနိုင်တဲ့အိမ်မျိုးမှာနေသူတွေကတော့ ကိုယ့်အနားမှာအမြဲတမ်း ရှိနေမှာပါပဲ။ ဒါကြောင့် စိတ်ဓာတ်ကျတာတွေ၊ စိတ်ညစ်တာတွေ၊ စိတ်ညည်းညူမှုတွေ မလုပ်ပါနဲ့။ ဒါကိုကျင့်သားရအောင်လုပ်ပါ။ နေသားကျသွားပြီဆိုရင်တော့ ဘာမှ ပြဿနာမရှိတော့ပါဘူး။ တခြားတစ်ယောက်ယောက်ရဲ့အောင်မြင်မှုကို စာဖတ်သူကိုယ်ပိုင်အောင်မြင်မှုရရှိဖို့အတွက် တွန်းအားတစ်ခုအဖြစ် အသုံးချနိုင်ပါတယ်။ ဒါပေမယ့် စာဖတ်သူမှာမရှိတဲ့အရာတွေအတွက်တော့ ဘယ်တော့မှ စိတ်မကောင်းမဖြစ်ပါနဲ့။ အခြားသူတွေကိုများများကူညီလေ၊ စာဖတ်သူရဲ့ဘဝနဲ့ပတ်သက်လို့ ညည်းတွားနေဖို့ အချိန်မရလေပါပဲ။ ဒါတင်မကပါဘူး။ လူတွေကိုကူညီခြင်းက စာဖတ်သူကိုတကယ်ပဲပျော်ရွှင်စေနိုင်ပါတယ်။ဒီတော့ စိတ်ဓာတ်ကျမှုဆိုတာလည်း ဝင်ရောက်မလာနိုင်တော့တဲ့အတွက် အမြဲပျော်ရွှင် တက်ကြွလန်းဆန်းနေမယ်ဆိုတာ စာဖတ်သူကိုယ်တိုင် ခံစားသိနားလည်နိုင်ဖို့အတွက် ယခုပဲ လုပ်ဆောင်ကြည့်လိုက်ပါလို့ တိုက်တွန်းပြောကြားလိုက်ရပါတော့တယ်။ ။

**ကိုယ်လုပ်နေတဲ့ အလုပ်တွေဆိုတာ မိမိအတွက်လည်း ကောင်းတာ ဖြစ်တယ်။ မိမိရဲ့မိသားစုနဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေလည်းကောင်းတာဖြစ်ရမယ်။ မိမိရဲ့ လူ့အသိုင်းအဝိုင်းအတွက်လည်း ကောင်းတာဖြစ်တယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်နဲ့ ရင်မှာပြင်းပြင်းပြပြယုံကြည်ရမှာဖြစ်ပါတယ်။ နဂိုကတည်းကိုက ပျော့ပျော့ညံ့ညံ့နဲ့ အရှုံးပေးလိုစိတ်ရှိသူတွေဟာ အောင်မြင်ဖို့ဝေးစွ . . .**

ဖတ်စရာ မှတ်စရာ

## တန်ဖိုးရှိရေးကိုယ်တိုင်လုပ်ဆောင်ပေးရန်

တန်ဖိုးရှိသည့်အရာကို လူတိုင်းစိတ်ဝင်စားသလို တန်ဖိုးရှိခြင်းကို အလေးထားတတ်ကြပေသည်။ ပစ္စည်းတန်ဖိုးများထက်စာလျှင် တန်ဖိုးရှိသောလူဖြစ်ဖို့အတွက် အဓိကလိုအပ်လှသည်။ တန်ဖိုးရှိဖို့အတွက် အရင်းအနှီးများစွာ ပေးဆပ်ကြရစမြဲပင်ဖြစ်သည်။ ထို့အတူပင် တစ်နေ့ချင်းစီ တန်ဖိုးရှိရေး မှန်မှန်ဖြည့်ကျင့်ပေးသွားရမြဲပင်ဖြစ်သည်။

တန်ဖိုးရှိရန်အတွက် တန်ဖိုးသိရန် လိုအပ်လှပေသည်။ လူ့စိတ်သည် မကောင်းမှုတွင်မွေ့လျော်တတ်သည့် သဘာဝအတိုင်း မကောင်းသောအရာကို အတုခိုးလွယ်၊ ပြုကျင့်လွယ်တတ်ကြပေသည်။ တန်ဖိုးရှိသော လူတစ်ဦးဖြစ်ရေးအတွက်မူ ကျင့်ဆောင်ရေးအားနည်းနေသည်က များပြားနေပေသည်။ လူလိမ္မာဖြစ်ရန် နှစ်ပေါင်းများစွာ ရင်းနှီးရသော်လည်း လူမိုက်ဖြစ်ရန်အတွက်မူ မိနစ်ပိုင်းမျှအချိန်သာ လိုအပ်ပါသည်ဟုပင် ဆိုထားပေသည်။ တန်ဖိုးရှိလျှင် တန်ဖိုးထားတတ်မြဲပင်ဖြစ်သည်။ တန်ဖိုးရှိသော လူတစ်ဦးအတွက် အပြောမှန်၊ အလုပ်မှန်၊ အကျင့်မှန်၊ အနေအထိုင်မှန်ခြင်းများနှင့်အတူ အများအကျိုးရွက်သယ်ပိုးနိုင်ခြင်းဆိုသည်များလည်း လိုအပ်လှပေသည်။

တန်ဖိုးရှိသော လူတစ်ဦးဖြစ်ရေးအတွက် အဆုံးအမများစွာကို လူတိုင်းနီးပါးသိနေပေသည်။ သို့သော် လိုက်နာမှုရှိခြင်း၊ မရှိခြင်းသာ ကွာခြားသွားတတ်ပေသည်။တန်ဖိုးရှိသော လူတစ်ဦးဖြစ်ရေးအတွက် အလွယ်ဆုံးသောနမူနာတစ်ခု ရှိပေသည်။ ထိုနမူနာမှာ ယင်ကောင်နှင့် ပျားကောင်သာလျှင်ဖြစ်သည်။ ယင်နှင့် ပျားမှာအရွယ်အစားတူသလို ပုံသဏ္ဌာန်၊ ဖွဲ့စည်းမှုများပင် ခပ်ဆင်ဆင်တူနေပေသည်။ သို့သော် အလုပ်အကိုင် အပြုအမူ၊ အနေအထိုင်နှင့် အခြားအကြောင်းအရာများစွာကြောင့် တန်ဖိုးကွာခြားသွားခြင်းဖြစ်ပေသည်။

ယင်ကောင်ကို နေရာအနှံ့တွေ့နိုင်ပေသည်။ ပုပ်နေသောနေရာတွင်လည်း ယင်အုံပါသည်။ အညီရှိသောနေရာတွင်လည်း ယင်အုံနေပေသည်။မစင်တွင်လည်း ယင်အုံနေတတ်ပေသည်။ ကြုံသည့်နေရာတွင်အုံကာ အချိန်မှန်အိပ်ခြင်း၊ ညီညွတ်ခြင်း၊ သစ္စာရှိခြင်းမှအစ ဘာမျှပင်မရှိဘဲ ကြုံသလိုအိပ်ခြင်းများဖြင့် နေထိုင်ကြပေသည်။ ယင်အုံလျှင် ရွံတတ်ကြပေသည်။ ရောဂါပိုးသယ်ဆောင်လာသည်ဟုလည်း ဆိုသည်။နေရာအနှံ့ အုံတတ်သည့်အတွက် ယင်ကိုမုန်းတီးကြပေသည်။ ထို့အပြင် ယင်ကြောင့် မကောင်းကျိုးသာရှိပြီး ကောင်းကျိုးနည်းပါးတတ်ပေသည်။ထိုယင်၏ အပြုအမူ၊ အနေအထိုင်၊ လုပ်ကိုင်မှု အဆင့်အရ ယင်ကို တန်ဖိုးထားမှု နည်းသွားကြပေသည်။ထိုအရာသည်ပင် ယင်တစ်ကောင်၏ အဆင့်အတန်းပင် ဖြစ်နေပေသည်။ ယင်တစ်ကောင်၏ တန်ဖိုးကို ထိုယင်ကောင်၏ လုပ်ဆောင်မှုများက သမိုင်းရေးထိုးသွားပေသည်။သို့အတွက် ယင်တစ်ကောင်၏မကောင်းအကျင့်များဖြစ်သည့် မကောင်းသည့်အရာများကိုပြုခြင်း၊ အချိန်မှန်လုပ်ကိုင်မှုမဲ့ခြင်း၊ ရှာဖွေစုဆောင်းမှုမရှိခြင်း၊ကြုံသလိုနေထိုင်တတ်ခြင်း၊ မကောင်းသည့်ရောဂါများကို သယ်ဆောင်လာခြင်း၊ စည်းကမ်းမဲ့ခြင်းဟူသော အမူအကျင့်တို့ကို ရှောင်ရှားကြရမည်ဖြစ်သည်။

**နွေနဒီ(မြစ်ငယ်)**

## ဓာတ်အားလိုင်းကြိုးများနှင့် ထိစပ်နေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးဇေလတ်မျိုး ကြီးကြပ်၍ လျှပ်စစ်ဌာနမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၂၁ ရက်တွင် မြို့နယ်အတွင်းရှိ ဓာတ်အားလိုင်းတစ်လျှောက် အန္တရာယ်ရှိ သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

“သစ်ပင်သစ်ကိုင်းတွေက လျှစ်စစ်ဓာတ်အားလိုင်းကြိုးတွေနဲ့ထိနေရင် လေတိုက်တဲ့အခါ ကြိုးတွေပူးပြီး မလိုလားအပ်တဲ့ လျှပ်စစ်အန္တရာယ်ရှိနိုင်တဲ့အပြင် ကြိုးတွေပြတ်ကျနိုင်ပြီး ဗို့အားကျဆင်းခြင်း၊ လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးခြင်းတွေ ဖြစ်နိုင်တာကြောင့် ခုလိုခုတ်ထွင်ရှင်းလင်းရခြင်းဖြစ်ပါတယ်”ဟု မြို့နယ်လျှပ်စစ်လက်ထောက်အင်ဂျင်နီယာက ပြောသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများသည် မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးရေး သတိပေးပိုစတာများကပ်ကာ ဒေသခံပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **စိုးမိုး(မြန်/ဆက်)**



ဆောင်းပါး

# ကျွန်တော်သိသော JE အကြောင်း တစေ့တစောင်း

## ဒေါက်တာကိုဦး(လင်းသစ္စာ)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်း၊ ၂၀၁၆ ခုနှစ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး(PCV)အား အစုလိုက်ထိုးနှံပေးခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပေသည်။ ယခုအခါ နိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကာကွယ်ဆေးအသစ်တစ်ခုဖြစ်သော ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး JE Vaccine ကို ၂၀၁၇ ခုနှစ် နှစ်ကုန်နှင့် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ပြန့်စွာထိုးနှံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေချိန်လည်းဖြစ်ပေသည်။

JE ဆိုသည်မှာ (Japanese Encephalitis) ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပြီး အာရှနိုင်ငံများတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ဦးနှောက်ရောင်ရောဂါများ၏ အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ JE သည် ဝက်၊ ကျွဲ၊ နွား၊ ငှက် စသောတိရစ္ဆာန်များမှတစ်ဆင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ဗိုင်းရပ်စ်ပိုးသယ်ဆောင်လာသော Culex အမျိုးအစား ခြင်ကိုက်ခံရခြင်းကြောင့် လူသို့တစ်ဆင့်ပြန်လည်ကူးစက်သောရောဂါ(Vector-borne -zoonotic disease) ဖြစ်သည်။ ယင်းဗိုင်းရပ်စ်ပိုး အများဆုံးတွေ့ရသော အရှေ့နှင့် အရှေ့တောင်အာရှဒေသနိုင်ငံများ၏ ကျေးလက်ဒေသများရှိ စိုက်ပျိုးမွေးမြူရေးနေရာများတွင် နေထိုင်ကြသူများသည် ရောဂါပိုး ပိုမိုကူးစက်ခံရပြီး အသက်(၁၅)နှစ်အောက်ကလေးများသည် လူကြီးများထက် ဂျပန်ဦးနှောက်ရောင်ရောဂါရရှိရန် အန္တရာယ်ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(W.H.O)၏ ခန့်မှန်းချက်အရ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားလေ့ရှိသော အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများရှိ နိုင်ငံ ၂၄ နိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ လူဦးရေ တစ်သိန်းလျှင် နှစ်ဦးခန့်ဖြစ်ပြီး နှစ်စဉ်ပျမ်းမှန်အားဖြင့် ရောဂါဖြစ်ပွားသူဦးရေ ၆၈၀၀၀ ခန့်နှင့် သေဆုံးသူဦးရေ ၁၃၆၀၀ မှ ၂၀၄၀၀ ခန့်ရှိသည်။ ထို့ကြောင့် လူဦးရေသန်းပေါင်း ၃၀၀၀ ခန့်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားနိုင်မှုအန္တရာယ်မြင့်မားလျက်ရှိကြောင်း တွေ့ရှိရပေသည်။

**မြန်မာနိုင်ငံနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုအခြေအနေ**

မြန်မာနိုင်ငံအတွင်း ကပ်ရောဂါအသွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားသူလူနာများ၏ သွေးရည်ကြည်နမူနာများကိုလေ့လာဆန်းစစ်မှုပြုလုပ်ခဲ့ရာ လူနာ ၁၃၂၅ ဦးတွင် ဂျပန်ဦးနှောက်ရောင်ရောဂါ ပဋိပစ္စည်းများတွေ့ရှိခဲ့ရသည်။

ရန်ကုန်မြို့ ကလေးဆေးရုံကြီးတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ဦးနှောက်ရောင်ရောဂါ (Viral Encephalitis) ကြောင့် တက်ရောက်ကုသမှုခံယူနေသော ကလေးလူနာများ၏ သွေးရည်ကြည်နမူနာများကို လေ့လာမှုပြုလုပ်ခဲ့ရာ ၁၉၈၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်း ၁၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၀ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းမှာ ဂျပန်ဦးနှောက်ရောင်ရောဂါပိုး တွေ့ရှိခဲ့ရသည်။ ၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ပိုးတွေ့လူနာ ၅၂ ဦး ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တစ်ခုတည်းတွင် သံသယဂျပန်ဦးနှောက်ရောင်ရောဂါလူနာ ၄၅ ဦးဖြစ်ပွားခဲ့ပြီး ငါးဦးသေဆုံးခဲ့ရာ သေဆုံးမှုသည် ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသဖြင့် အလွန်စိုးရိမ်ဖွယ်ရာ မြင့်မားလာခဲ့ပါသည်။

**ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားပြီးနောက် အသက်ရှင်ကျန်ရစ်ခဲ့သော ကလေးလူငယ်အချို့တွင် ရာသက်ပန်မသန်မစွမ်းဖြစ်ပြီး လူစဉ်မမီဖြစ်ရခြင်းသည် လူနာနှင့် လူနာရှင်မိသားစုများကို စီးပွားရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်သာမက နိုင်ငံတော်အတွက်လည်း ကုန်ထုတ်စွမ်းအားနှင့် စီးပွားရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုများစွာဖြစ်ပေါ်စေပါသည်။**

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ လတ်တလော ဦးနှောက်ရောင်လက္ခဏာစုရှိသူလူနာများ (Acute Encephalitis Syndrome) သွေးနမူနာ ၆၄၅ ခုကို စမ်းသပ်ခဲ့ရာ ၃၉၃ ခုတွင် ဂျပန်ဦးနှောက်ရောင်ရောဂါဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ခြင်းကြောင့် ပိုးတွေ့နှုန်း ၂၃ ဒသမ ၄ ရာခိုင်နှုန်း တွေ့ရှိရသည်။ ၂၀၁၆ ခုနှစ်တွင်လည်း အလားတူ သွေးနမူနာ ၁၉၁၁ ခုကို စမ်းသပ်ခဲ့ရာ ၁၅၁ ခုတွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ခြင်းကြောင့် ပိုးတွေ့နှုန်း ၂၀ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းတိုင်းဒေသကြီးများနှင့် ပြည်နယ်များအားလုံးတွင် ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတို့နှင့် ကရင်၊ ရခိုင်၊ ရှမ်း(မြောက်)ပြည်နယ်တို့တွင် အများဆုံးတွေ့ရှိရပေသည်။ အသက်အရွယ်မရွေးဖြစ်ပွားပြီး အသက်အုပ်စု ငါးနှစ်မှ ကိုးနှစ်ကြားကလေးများတွင် အများဆုံးဖြစ်ပွားကာ အသက်တစ်နှစ်မှ လေးနှစ်ကြားကလေးများတွင် ဒုတိယအများဆုံးဖြစ်ပွားသည်ကို တွေ့ရပေသည်။

**ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူများ၏ ရောဂါလက္ခဏာများ**

ရောဂါပျိုးချိန်သည် ငါးရက်မှ ၁၀ ရက်အထိဖြစ်တတ်သည်။ ဗိုင်းရပ်စ်ပိုး ကူးစက်ဝင်ရောက်ခံရသူအများစုမှာ ရောဂါလက္ခဏာများမပြသပါ။

**(၁) ရှေ့ဦးလက္ခဏာများ**

ဖျားခြင်း၊ တုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်းများဖြစ်တတ်ပြီး ပုံမှန်အားဖြင့် တစ်ရက်မှ ခြောက်ရက်အထိဖြစ်လေ့ရှိကာ တစ်ခါတစ်ရံ ၁၄ ရက်အထိကြာတတ်ပေသည်။

**(၂) လတ်တလော ဦးနှောက်ရောင်သောအဆင့်**

ရောဂါစဖြစ်ချိန် သုံးရက်မှ ငါးရက်မြောက်သောနေ့များအတွင်း ဖြစ်လေ့ရှိပြီး လက္ခဏာများမှာ ဆက်တိုက်ဖျားနေပြီး လူနာ၏ သတိနှင့် သိစိတ်ပြောင်းလဲမှုများဖြစ်ပေါ်လာသည်။ စိတ်အာရုံခံစားမှု မကြည်မလင်ဖြစ်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ရှုပ်ထွေး၍ ဝေခွဲမရခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ပတ်ဝန်းကျင်အပေါ် စိတ်မဝင်စားတော့ဘဲ တစ်ချိန်လုံးငိုက်မြည်းလာခြင်း၊ အခြေအနေပိုမိုဆိုးရွားလာပါက တက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ကြွက်သားများတောင့်တင်းလာပြီး မိမိပုံမှန်မျက်နှာအမူအရာဖြင့် ပြသနိုင်မှုမရှိတော့ခြင်း၊ စကားပြောသည့်အခါ လျှာလေးနေခြင်း၊ ခန္ဓာကိုယ်မှ အကြောများတုတ်ခြင်း၊ အရည်ခန်းခြောက်မှုခံစားရခြင်းတို့ ဖြစ်နိုင်သည်။

**(၃) နောက်ဆုံးအဆင့်**

ဤအဆင့်တွင် ပြန်လည်ကောင်းမွန်လာနိုင်သည်။ (Recovery)(သို့) ဦးနှောက်နှင့် အာရုံကြောများ ထိခိုက်သည့် ဒဏ်ရာ (Persistance of signs of CNS Injury) ကျန်ရစ်ခဲ့တတ်သည်။ လူနာသည် အသက်မသေဘဲ ပြန်လည်ကောင်းမွန်လာသော်လည်း ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ချို့ယွင်းမှုနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုများမှာ စွဲမြဲစွာကျန်ခဲ့လေ့ရှိသည်။

**ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်ရသည့်အကြောင်းအရင်း**

ဂျပန်ဦးနှောက်ရောင် ရောဂါပိုးကူးစက်ခံရသူ ၂၅၀ တွင် တစ်ဦးခန့်သာ ပြင်းထန်သောရောဂါဖြစ်ပွားနိုင်ပါသည်။ သို့ရာတွင် ဦးနှောက်ရောင်ရောဂါဖြစ်ပွားသူများအနက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်ပြီး အသက်ရှင်သူများတွင်လည်း ၃၀ ရာခိုင်နှုန်းမှာ အကြောသေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုများ အပါအဝင် ပြင်းထန်သော ဦးနှောက်ပျက်စီးခြင်း၊ နောက်ဆက်တွဲဆိုးကျိုးများခံစားရပါသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားပြီးနောက် အသက်ရှင်ကျန်ရစ်ခဲ့သော ကလေးလူငယ်အချို့တွင် ရာသက်ပန် မသန်မစွမ်းဖြစ်ပြီး လူစဉ်မမီဖြစ်ရခြင်းသည် လူနာနှင့် လူနာရှင်မိသားစုများကို စီးပွားရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်သာမက နိုင်ငံတော်အတွက်လည်း ကုန်ထုတ်စွမ်းအားနှင့် စီးပွားရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကိုလျှော့ချနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံပေးခြင်းပင်ဖြစ်ကြောင်း အကြံပြုထားပေသည်။

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဂျပန်ဦးနှောက်ရောင်ရောဂါကို ဦးစားပေး ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ် အသိအမှတ်ပြုထားသော နိုင်ငံအားလုံး၏ အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်များတွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ထည့်သွင်းဆောင်ရွက်သင့်ကြောင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ထည့်သွင်းထိုးနှံခြင်း မပြုလုပ်မီ အသက်အုပ်စု ကျယ်ပြန့်စွာ အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းထားပေသည်။

မြန်မာနိုင်ငံတွင်လည်း ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တွင် ထပ်မံထည့်သွင်းထိုးနှံတိုက်ကျွေးရန်လျာထားသည့် ကာကွယ်ဆေးအသစ်များအနက် သေဆုံးမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးများပြင်းထန်သည့်အပြင် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ကပ်အသွင်ဖြစ်ပွားမှုရှိခဲ့သော ဂျပန်ဦးနှောက်ရောင်ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အသက်တစ်နှစ်အောက်ကလေးများကို ထိုးနှံပေးလျက်ရှိသည့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးကို စတင်ထည့်သွင်းထိုးနှံပေးမည်ဖြစ်သည်။ ထိုသို့ စတင်ထည့်သွင်းထိုးနှံခြင်းမပြုမီ ဂျပန်ဦးနှောက်ရောင်ရောဂါ ကူးစက်ဖြစ်ပွားနိုင်ခြေများပြီး ဖြစ်ပွားပါက ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများရရှိနိုင်မည့် အန္တရာယ်အမြင့်မားဆုံး အသက်အုပ်စုဖြစ်သည့် (၉) လမှ (၁၅) နှစ်အတွင်းရှိ ကလေးသူငယ်များကို ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက် တစ်ပြိုင်နက်တည်း ထိုးနှံပေးခြင်းလုပ်ငန်း ၂၀၁၇ ကို Gavi The Vaccine Alliance ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

**နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်ဖြင့် အသက် (၅) နှစ်မှ (၁၅) နှစ်အတွင်း ကျောင်းသား ကျောင်းသူကလေးများကိုလည်းကောင်း၊ ဒီဇင်ဘာလတွင် ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်ဖြင့် အသက် (၉) လမှ (၅) နှစ်အထိ ကလေးများ၊ ကျောင်းမနေသောကလေးများနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တွင် ကာကွယ်ဆေးထိုးရန်အတွက် ကျန်ခဲ့သော ကလေးလူငယ်များကိုလည်းကောင်း ထိုးနှံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

"ယခင်က ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးဖူးသည်ဖြစ်စေ၊ မထိုးဖူးသည်ဖြစ်စေ၊ ဂျပန်ဦးနှောက်ရောင်ရောဂါဖြစ်ဖူးသည်ဖြစ်စေ၊ မဖြစ်ဖူးသည်ဖြစ်စေ အသက် (၉)လမှ (၁၅) နှစ်အထိ ကလေးသူငယ်များအားလုံးကို ကာကွယ်ဆေးထိုးနှံပေးရန်ဖြစ်သည်။"

**ကာကွယ်ဆေးအမျိုးအစား**

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး (SA 14-14-2) သည် ပိုးအရှင်ကို အားပျော့အောင်ပြုလုပ်ထားသော ကာကွယ်ဆေးဖြစ်ပါသည်။ ကာကွယ်ဆေးတွင်ပါဝင်သော ဗိုင်းရပ်စ်မျိုးကွဲ(SA 14-14-2)အပေါ်တွင်အခြေခံ၍ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးအမည်ကို ပေးထားခြင်းဖြစ်ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Chengdu Institue of Biological Products Co., Ltd မှ ထုတ်လုပ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရည်အသွေးအသိအမှတ်ပြုကာကွယ်ဆေး (WHO Prequalified vaccine)ဖြစ်ပါသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို လွန်ခဲ့သော အနှစ် ၂၀ ကျော်မှစပြီး စတင်အသုံးပြုခဲ့ရာ တရုတ်ပြည်နှင့် အခြားအာရှတိုင်းပြည်များတွင် လူဦးရေသန်းပေါင်း ၄၀၀ ကျော်ခန့်အထိ ထိုးနှံခဲ့ပြီး အဆိုပါကာကွယ်ဆေးကို လက်ရှိသုံးစွဲနေသောနိုင်ငံများမှာ နီပေါ၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။

**ကာကွယ်ဆေး၏ ကာကွယ်နိုင်စွမ်းနှင့် ထိရောက်မှု**

ရောဂါကို ထိရောက်စွာ ခုခံနိုင်သောပဋိပစ္စည်းများ ထုတ်လုပ်ကာကွယ်နိုင်မှုသည် ကာကွယ်ဆေးမထိုးနှံဖူးသော ကလေးများတွင် ဆေးတစ်ကြိမ်ထိုးနှံပြီးနောက် ၈၅ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ကာကွယ်နိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။ တရုတ်နိုင်ငံ၌ ပြုလုပ်သော လေ့လာတွေ့ရှိချက်အရ ထိရောက်စွာကာကွယ်နိုင်မှုနှုန်းမှာ ၉၅ ရာခိုင်နှုန်းနှင့် အထက်တွင်ရှိကြောင်း တွေ့ရှိရသည်။

နီပေါနိုင်ငံ၌ ကပ်ရောဂါအသွင်ဖြစ်ပွားခဲ့သော ဒေသတွင် ၉၉ ဒသမ ၃ ရာခိုင်နှုန်းခန့်သည် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးနောက် နှစ်ပတ်အကြာတွင်ပင် ဂျပန်ဦးနှောက်ရောင်ရောဂါမှ ကာကွယ်မှုရရှိကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

**ကာကွယ်ဆေးသုံးစွဲပုံ**

ကာကွယ်ဆေးတစ်ပုလင်းသည် ငါးဦးစာ ဆေးမှုန့်ပါဝင်ပြီး Sterile Phosphate Bufferet Saline ၂ ဒသမ ၅ စီစီဖြင့် ဖျော်စပ်ကာ တစ်ဦးစီအား သုည ဒသမ ၅ စီစီပါဝင်သော ဆေးပမာဏကို ညာဘက်လက်မောင်းအရေပြားအောက်သို့ တစ်ကြိမ်သာထိုးနှံပေးရပါမည်။ ရောနှောဖျော်စပ်ပြီးသော ဆေးကို အပူချိန် ၂ဒီဂရီမှ ၈ ဒီဂရီအတွင်းသာ သိမ်းဆည်းရမည်ဖြစ်ပြီး ဖျော်စပ်ပြီး ၆ နာရီအတွင်း ထိုးနှံရမည်။

**ကာကွယ်ဆေးလုံးဝမထိုးပေးရမည့် ကလေးများ**

- ယခုအသုံးပြုမည့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး (SA14-14-2,Live JEV)ကို ယခင်အကြိမ် ထိုးနှံခဲ့စဉ်က ပြင်းထန်သော မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာ(သို့)ပြင်းထန်သော ဓာတ်မတည့်ခြင်း ဖြစ်ပွားခဲ့ခြင်း(သို့) ကာကွယ်ဆေးတွင် ပါဝင်သော ပစ္စည်းတစ်မျိုးမျိုး (ဥပမာ- Gelatin, Gentamycin, Sucrose, Human Serum Albumin and Carbamide) နှင့် ပြင်းထန်သော ဓာတ်မတည့်ခြင်းဖြစ်ဖူးသူ၊
- ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ၊
- မွေးရာပါ(သို့) ရောဂါကြောင့်သော်လည်းကောင်း (သို့)ဆေးဝါးကြောင့်သော်လည်းကောင်း ခုခံအားစနစ်ကျဆင်းခြင်း(သို့) AIDS ရောဂါလက္ခဏာများရှိခြင်း၊
- ကုသမှုခံယူခြင်း၊ ဆေးသောက်နေသော်လည်း အတက်ရောဂါမကြာခဏဖြစ်နေသူ၊
- နာတာရှည်ရောဂါ ပြင်းထန်စွာခံစားနေရသူများ၊

**ရက်ရွှေ့ဆိုင်းပြီး ကာကွယ်ဆေးထိုးပေးရမည့် ကလေးများ**

- အဖျား ၃၈ ဒသမ ၅ စင်တီဂရိတ်နှင့်အထက်ရှိခြင်း၊
- တီဘီရောဂါလတ်တလောဖြစ်ပွားနေသူ၊
- နားအလယ်ခန်းရောင်ခြင်း၊
- Prednisolone, Hydrocortisonepaom storiod ဆေးများကို ပမာဏများစွာ သောက်သုံး/ထိုးနှံနေရသောကလေးများ၊

သို့သော် ကာကွယ်ဆေးထိုးနေသည့် ကာလအတွင်း ဆေးရုံတက်ရောက်ကုသနေသော ရည်မှန်းအသက်အုပ်စုအတွင်းရှိကလေးများကို သက်ဆိုင်ရာဆေးရုံများမှ ဆရာဝန်အကြံပြုချက်နှင့်အညီ ကာကွယ်ဆေးထိုးနှံပေးရပါမည်။

ကာကွယ်ဆေးထိုးပြီးနောက် ပြင်းထန်သော ဆေးမတည့်ခြင်း (Anaphylaxis) သည် လူတစ်သန်းတွင် တစ်ယောက်အောက်သာ ဖြစ်တတ်၍ လွန်စွာမှနည်းပေသည်။ ကာကွယ်ဆေးမထိုးနှံမီနှင့် ထိုးနှံပြီးနောက်တွင် ကာကွယ်ဆေးထိုးခြင်းကို စိုးရိမ်ကြောင့်ကြခြင်း၊ နာကျင်မည်ကို ကြောက်ရွံ့ခြင်းတို့ကြောင့် နာကျင်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ပူပန်ခြင်းများကြောင့် နောက်ဆက်တွဲပြဿနာများဖြစ်ပေါ်လာတတ်သည်။ ထို့ကြောင့် ကာကွယ်ဆေးထိုးပြီးပါက အနည်းဆုံးနာရီဝက်ခန့် ဆေးထိုးစုရပ်တွင် စောင့်ဆိုင်းရန်လိုပေသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းနှင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် ထိုးနှံပေးခဲ့သည့် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး (PCV) ထိုးနှံခြင်းစသည်တို့မှ ရရှိခဲ့သည့်အတွေ့အကြုံများ၊ သင်ခန်းစာများကို အခြေခံ၍ နိုင်ငံတစ်ဝန်း ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားစွာ ရရှိစေရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပေသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူ တခြားနှီးနွှယ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဦးစီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ပြည်သူလူထုအခြေပြုလူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို အသိပေး၍ မိမိတို့ကျရာ အခန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း လိုအပ်သည်။

အလားတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများသည် ကာကွယ်ဆေးထိုးနှံ၊ ဆေးတိုက်ကျွေးရေးလုပ်ငန်းများကို ယခင်ထက် ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြရန်နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးနှင့်ပတ်သက်သော အသိပညာများ ကာကွယ်ဆေးအသစ်ထိုးနှံရခြင်း၏ ရည်ရွယ်ချက်ကို သိရှိနားလည်၍ ကာကွယ်ဆေးထိုးပေးမည့် စုရပ်နေရာများသို့ မပျက်မကွက်ခေါ်ဆောင်လာကြပါရန် နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ရခိုင်ပြည်နယ်အရေးကိစ္စတွင် ပြည်ပဝင်ရောက်စွက်ဖက်မှုများမှာ အကျိုးမရှိကြောင်း တရုတ်ကွန်မြူနစ်ပါတီမှ တာဝန်ရှိသူကပြောကြား

တရုတ်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို ထောက်ခံလျက်ရှိပါကြောင်း၊ လူမျိုးတုံးသတ်ဖြတ်မှုဟူသောအသုံးအနှုန်းနှင့်အတူ မြန်မာနိုင်ငံကို ရှုတ်ချသောနိုင်ငံများတွင် ၎င်းတို့ပါဝင်မည်မဟုတ်ကြောင်း အာဏာရတရုတ်ကွန်မြူနစ်ပါတီနိုင်ငံတကာရေးရာဌာနမှ ဒုတိယအကြီးအကဲ Gou Yezhou က စနေနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် ကာလရှည်ကြာခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှုရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၎င်း၏ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်ဟု Gou က ထပ်လောင်းပြောကြားခဲ့ကြောင်း ရိုက်တာသတင်းအရ သိရသည်။ ရခိုင်ပြည်နယ်အကျပ်အတည်းနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ချဉ်းကပ်မှုမှာ အနောက်နိုင်ငံများနှင့် ဘာကြောင့်ကွဲလွဲနေရသလဲဆိုသော မေးခွန်းကို ဖြေကြားရာတွင် Gou က တရုတ်နိုင်ငံ၏အခြေခံမူဝါဒမှာ အခြားသောနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရဟူသည့်အချက်များ ပါဝင်ကြောင်း၊ အတွေ့အကြုံများအရ နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့်အခါ ဖြစ်ပေါ်လာတတ်သည့် အကျိုးဆက်များနှင့်ပတ်သက်၍မကြာသေးမီက တွေ့ရှိကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းလုံးဝမလုပ်ကြောင်း၊ တရုတ်နှင့်မြန်မာတို့သည် ရှည်လျားသော နယ်နိမိတ်ထိစပ်လျက်ရှိရာ မြန်မာနိုင်ငံတွင်း


တရုတ်ကွန်မြူနစ်ပါတီနိုင်ငံတကာရေးရာဌာနမှ ဒုတိယအကြီးအကဲ Gou Yezhou ။(*ဓာတ်ပုံ-ရိုက်တာ*)

တည်ငြိမ်မှုမရှိပါက တရုတ်နိုင်ငံဘက်သို့မလွဲမသွေ ဂယက်ရိုက်လာမည်ဖြစ်ရာ မြန်မာနိုင်ငံမတည်ငြိမ်မှုကို မိမိတို့မလိုလားကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကို ရှုတ်ချကြောင်း ငါးနှစ်တစ်ကြိမ်ကျင်းပသော ပါတီညီလာခံတစ်ခုအပြီးတွင် သတင်းထောက်များကို ပြောကြားသည်။

ပြီးခဲ့သောလက ကျင်းပသောလုံခြုံရေးကောင်စီအစည်းအဝေးတစ်ခုတွင် ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့က ရခိုင်ပြည်နယ်၏ဖြစ်ရပ်ကို လူမျိုးတုံးသတ်ဖြတ်မှုဟု စွပ်စွဲကာ ဖြစ်ရပ်အားအဆုံးသတ်ရန် တောင်းဆိုခဲ့ကြသော်လည်း တရုတ်သံအမတ်က ထိုပြဿနာအပေါ် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန်တောင်းဆိုခဲ့သည်ဟု သိရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီတိုအာဏာကျင့်သုံးခွင့်ရှိသည့် ငါးနိုင်ငံတွင်ပါဝင်သော တရုတ်နိုင်ငံက ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ်ဝင်ရောက်စွက်ဖက်သောနိုင်ငံများနှင့် ရှုတ်ချသောနိုင်ငံများကို ဆန့်ကျင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ကိုင်တွယ်လုပ်ဆောင်နေမှုများမှာ လူမျိုးတုံးသတ်ဖြတ်မှုဟု ကုလသမဂ္ဂတာဝန်ရှိသူများက သတ်မှတ်ခဲ့ကြကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စက်တင်ဘာ ၂၈ ရက်တွင် နယူးယောက်မြို့၌ ကျင်းပခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် သုံးနှုန်းခဲ့ကြသည့် လူမျိုးတုံးသတ်ဖြတ်မှုနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ရခိုင်ပြည်နယ်မြောက်ပိုင်းပြဿနာများကို လူမျိုးတုံးသတ်ဖြတ်မှုဟူ၍ ပေါ့ပေါ့တန်တန်ပြောဆိုသုံးစွဲမှု မလုပ်ကြရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အား တိုက်တွန်းခဲ့သည်ဟု သိရသည်။ **(ကြေးမုံ)**



## လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရှာရှည်ပြင်ကျေးရွာအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**စစ်တွေ အောက်တိုဘာ ၂၂**
လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ရှာရှည်ပြင်ကျေးရွာသို့ ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ထောက်ပံ့ငွေ၊ စားနပ်ရိက္ခာများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရှာရှည်ပြင်ကျေးရွာသို့ ရောက်ရှိပြီး လေပြင်းဒဏ်သင့် လူနေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် လုံးဝပျက်စီးသွားသည့် နေအိမ်ခုနစ်လုံးအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် သုံးသိန်းစီ၊ တစ်စိတ်တစ်ပိုင်း အမိုးလန်ပျက်စီးသွားသည့် အိမ် ၁၅ လုံးအတွက် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် တစ်သိန်းစီနှင့် စုစုပေါင်းငွေကျပ် ၃၆ သိန်းကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ဆန်အိတ် ငါးအိတ်၊ တာပေါ်လင်စ ၁၅ ချပ်နှင့် Family Kit ငါးပုံးကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက Family Kit ၂၂ ပုံး၊ တာပေါ်လင်စ နှစ်အိတ်၊ ငွေကျပ် ၂၉ သိန်း တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ဆန်ရိက္ခာ တစ်ပတ်စာတို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနကလည်း ပျက်စီးသွားသော အခြေခံမူလတန်းလွန် ကျောင်းဆောင်နှင့် ဆရာ ဆရာမများအိမ်ရာတို့ကိုလည်း ပြန်လည်ပြုပြင် ဆောက်လုပ်ပေးသွားမည်ဖြစ်သည့်အပြင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်ကျော်ဦး**

## ကျောင်းသား ကျောင်းသူဦးရေ ၄၀၀ ကျော်ကို ပညာသင်ကြားပေးလျက်ရှိသည့် နံ့သာတောင်ပရဟိတအခမဲ့ပညာသင်ကျောင်းသို့ ငွေကျပ် သိန်း ၃၀ လှူဒါန်း

**မောင်တော အောက်တိုဘာ ၂၂**
မောင်တောမြို့နယ် နံ့သာတောင် ပရဟိတ အခမဲ့ပညာသင်ကျောင်း၏ ပညာရေးဖွံ့ဖြိုးရေး အသုံးပြုနိုင်ရန်အတွက် ရန်ကုန်မြို့ ONE MORE အဖွဲ့က ငွေကျပ် သိန်း ၃၀ ကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးထံမှ တစ်ဆင့် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းအလှူငွေကျပ် သိန်း ၃၀ ကို အောက်တိုဘာ ၂၀ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က မောင်တောမြို့ မြို့မကျောင်းတိုက်၌ ယာယီသီတင်းသုံးလျက်ရှိသော နံ့သာတောင် ဆရာတော်နှင့် ကျောင်းသား ကျောင်းသူများအား လွှဲပြောင်းလှူဒါန်းခဲ့ခြင်း ဖြစ်သည်။

နံ့သာတောင်ပရဟိတ အခမဲ့ပညာသင်ကျောင်း၌ ရခိုင်၊မြို၊ သက်၊ ခမီ၊ ဗမာ စသည့်တိုင်းရင်းသားများ တက်ရောက် ပညာသင်ကြားလျက်ရှိပြီး ပညာသင်ကြားမှုအပါအဝင် နေရေး၊ ထိုင်ရေးနှင့် စားသောက်ရေးမှ အစ အားလုံးကို ကျောင်းထိုင်ဆရာတော်က တာဝန်ယူပေးခဲ့ခြင်းဖြစ်သည်။

နံ့သာတောင်ပရဟိတအခမဲ့ပညာသင်ကျောင်း၌ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ဦးရေ ၄၀၀ ကျော်ကို ပညာသင်ကြားပေးလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကာ မောင်တောမြို့ မြို့မကျောင်းတိုက်၌ ယာယီသင်ကြားပေးခဲ့ရကြောင်း အဆိုပါကျောင်း၌ ပညာဒါနပြု သင်ကြားပေးလျက်ရှိသော ဦးထွန်းမင်းနိုင်က ပြောသည်။

**နိုင်လင်းကြည်**

## ရခိုင်ပြည်နယ် မြို့နယ်အချို့၌ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**စစ်တွေ အောက်တိုဘာ ၂၂**
ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ယနေ့မွန်းလွဲပိုင်းတွင် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ဆန္ဒဖော်ထုတ်ကြကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် ပေါက်တော၊ မြောက်ဦး၊ မြေပုံ၊ မောင်တောနှင့် မာန်အောင်မြို့နယ်တို့၌ မွန်းလွဲပိုင်းမှစ၍ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

**(ထွန်းဝင်းနိုင်)**






## နေရပ်စွန့်ခွာ တိမ်းရှောင်နေသည့် ပြည်သူများအတွက် အဝတ်အထည်များ ပေးအပ်လှူဒါန်း

**စစ်တွေ အောက်တိုဘာ ၂၂**
ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေသည့် ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အဝတ်အထည်များ လာရောက်လှူဒါန်းသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာ နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေးပို့လှူဒါန်းသည့် အဝတ်အထည် ၃၄၈၁ ထည်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အလှူငွေ၊ ပစ္စည်းလက်ခံဖြန့်ဖြူးရေး ကော်မတီသို့ ယနေ့ နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ဘဏ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ပြောကြား

**ရန်ကုန် အောက်တိုဘာ ၂၂**
မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာရေးကဏ္ဍကို စနစ်တကျ ပြုပြင်ပြီး ခေတ်နှင့်လျော်ညီစွာ တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီက ပြဋ္ဌာန်းခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေသစ်တွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို တန်းတူအခွင့်အရေးပေးထားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နည်းပညာမြင့်မားသည့် ဘဏ်လုပ်ငန်းများတွင်လည်း လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းကြောင်းဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် အောက်တိုဘာ ၂၁ ရက် ညပိုင်းက ကျင်းပသည့် တရုတ် ICBC ဘဏ် (ရန်ကုန်ဘဏ်ခွဲ)၏ တစ်ဇုန်တစ်လမ်း-ရွှေရောင်မြန်မာပြည် ငွေကြေးဝန်ဆောင်မှုဖိုရမ်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ်မှစတင်ပြီး နှစ်နိုင်ငံသံတမန် ဆက်ဆံလာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်လာခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံအကြားကုန်သွယ်မှုတွင်လည်း နှစ်စဉ်တိုးတက်လျက်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တရုတ် ICBC ဘဏ်မှ တာဝန်ရှိသူများက ဖန်ဘောလုံးနှိပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ICBC ဘဏ်၏ ငွေကြေးဝန်ဆောင်မှု ကွန်ရက်သည် အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ ဥရောပ၊ အမေရိက၊ ဩစတြေးလျ စသည့်ဒေသများနှင့် ကမ္ဘာတစ်ဝန်းရှိ အရေးကြီး နိုင်ငံတကာငွေကြေးစင်တာများ အပါအဝင် တစ်ကမ္ဘာလုံးနိုင်ငံနှင့် ဒေသ ၄၂ ခုတွင် ဖြန့်ကြက်တည်ရှိနေပြီဖြစ်ကြောင်း၊ South Africa's Standard Bank တွင် ရှယ်ယာဝင်ခြင်းမှတစ်ဆင့် အာဖရိကနိုင်ငံ ၂၀ တွင် ရုံးခွဲများ ဖွင့်လှစ်ပြီးဖြစ်ကာ ပြည်ပနိုင်ငံများတွင် ရုံးခွဲအများဆုံးဖွင့်လှစ်သည့် တရုတ်ပြည်ဘဏ်အဖြစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ICBC ရန်ကုန်ဘဏ်ခွဲ အထွေထွေမန်နေဂျာ Mr. He Bi Qing က "ICBC ရန်ကုန်ဘဏ်ခွဲက တရုတ်-မြန်မာနှစ်နိုင်ငံရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းရဲ့ အရေးကြီးဆုံးသောရလဒ်တစ်ခုဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုမှာ အရေးပါတဲ့ ဆက်သွယ်မှုအဖြစ် ရပ်တည်နေပါတယ်"ဟုပြောသည်။



ICBC ဘဏ်သည် နိုင်ငံနှင့် ဒေသပေါင်း ၁၄၃ ခုမှ နိုင်ငံခြားဘဏ် ၁၅၁၉ ခုနှင့် ကိုယ်စားလှယ်ဘဏ် ဆက်ဆံရေးကိုထူထောင်ခဲ့ပြီး ဝန်ဆောင်မှုကွန်ရက်၊ နိုင်ငံဖြတ်ကျော်ဈေးကွက်နှင့် တစ်ကမ္ဘာလုံး ဝန်ဆောင်မှုပေးလျက်ရှိကြောင်း အဆိုပါဘဏ်မှ သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-သီသီမင်း)**

❑



## ငြိမ်းချမ်းရေးဂီတပွဲတော် Level -2 ပွဲစဉ် (၂) မန္တလေးမြို့တွင် ဆက်လက်ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ တာဝန်ယူ ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ်(၂)ပြိုင်ပွဲ ကို အောက်တိုဘာ ၂၂ ရက်က မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ကိုးဦးအနက် ဖုန်းဝေသွင်နှင့် ဇင်သူဇာထွန်းတို့အား Level -3 အဆင့်သို့ ရွေးချယ်ခံရကြောင်း သိရသည်။

အဆိုပါ Level -2 ပွဲစဉ်(၁)နှင့်(၂)ကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မန္တလေးမြို့၌ ကျင်းပခဲ့ရာ ပွဲစဉ်(၁)တွင် ပြိုင်ပွဲဝင် ကိုးဦးအနက် Sa Paung နှင့် လင်းသစ်တို့အား Level -3 အဆင့်သို့ရွေးချယ်ခဲ့ကြောင်း၊ Level -2 အဆင့် ပွဲစဉ်(၃)နှင့်(၄)ကို နေပြည်တော်တွင် အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Level -2 အဆင့်ပွဲစဉ်လေးခုမှ ပွဲစဉ်တစ်ခုလျှင် နှစ်ဦးစီဖြင့် ရှစ်ဦးနှင့် ဒိုင်များ၏ မှတ်ချက်အရ နှစ်ဦး စုစုပေါင်း ၁၀ ဦးကို Level-3 အဆင့်သို့ တက်လှမ်းနိုင်ရန် ဆန်ခါတင်ရွေးချယ်သွားမည်ဖြစ်သည်။ အဆိုပါ ၁၀ ဦးအနက် သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယတို့ကိုရွေးချယ်၍ ပထမဆုကျပ် သိန်းသုံးရာ၊ ဒုတိယဆု ကျပ်သိန်းနှစ်ရာ၊ တတိယဆု ကျပ်သိန်းတစ်ရာနှင့်နှစ်သိမ့်ဆုတစ်ဆုလျှင် ကျပ်သိန်းသုံးဆယ်ဖြင့် ခုနစ်ဆုချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော်မိသားစုများနှင့် စေတနာရှင်အလှူရှင်များသည် ပွဲတော်ကျင်းပရာ မြို့များ၌ ပရဟိတလုပ်ငန်းများ၊ တိုက်ပွဲရှောင်(ယာယီ) စခန်းများ၊ IDP စခန်းများသို့လည်း သွားရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည်။

ပြိုင်ပွဲကျင်းပသည့်နေ့များ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) မှ ည ၈ နာရီသတင်းအပြီးတွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**❍ ရှမ်းနှင့် ရန်ကုန်မှ**

ချန်ပီယံဆုအတွက် အမှားခံ၍မရတော့သည့် ရှမ်းယူနိုက်တက်အသင်းသည် သီဟစည်သူ၊ ဝင်းမင်းထွဋ်၊ ရန်နိုင်ဦး၊ ခရစ္စတိုဖာမက်ဆီမင်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ရတနာပုံအသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ရတနာပုံအသင်းသည် လူစုံအသုံးပြုခဲ့သော်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ အမှားများခဲ့သည်။ ပွဲဆက်များနေသည့် ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုမျှော်လင့်ချက်အတွက် အားကုန်ထုတ်ကစားခဲ့သည်။ ၁၆ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးစရခဲ့ပြီး ဒွေးကိုကိုချစ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ၅၅ မိနစ်တွင် တိုက်စစ်မှူး ပက်ထရစ်က ရတနာပုံအတွက် ချေပဂိုးပြန်သွင်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက ဂိုးများထပ်မံသွင်းယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ၆၁ မိနစ်တွင် ဝါရင့်တိုက်စစ်မှူး စိုးမင်းဦး၊ ၇၆ မိနစ်တွင် ခရစ္စတိုဖာတို့က သွင်းယူခဲ့သည်။ ရတနာပုံအတွက် ဒုတိယချေပဂိုးကို ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် မျိုးဇော်ဦးက သွင်းယူပေးခဲ့သည်။

ပဲခူးကွင်း၌ကျင်းပသောပွဲတွင် ဟံသာဝတီက Southern အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး အိမ်ကွင်းပထမဆုံး နိုင်ပွဲရရှိခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ၅၇ မိနစ်တွင် မာစီယို၊ ၇၆ မိနစ်တွင် မောင်မောင်လွင်တို့က သွင်းယူခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အဆင့်လေးနေရာရယူနိုင်ခဲ့သည်။ ဧရာဝတီအတွက် ဂိုးများကို အာကာနိုင်နှင့် သီဟဇော်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ခိုင်ထူးက ဇွဲကပင်အတွက် တစ်ဂိုးသွင်းယူခဲ့သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရခိုင်နှင့်မကွေး အသင်း ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ်(၂၁)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၁ မှတ်၊ ရန်ကုန်အသင်းက ၄၉ မှတ်၊ ရတနာပုံအသင်းက ၄၄ မှတ်၊ ဧရာဝတီအသင်းက ၃၆ မှတ်၊ ရခိုင်အသင်းက ၃၁ မှတ်၊ မကွေးအသင်းက ၂၉ မှတ်၊ Southern၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့က ၂၃ မှတ်စီ၊ GFA အသင်းက ၁၆ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၁ မှတ်ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာသုံးစွဲနိုင်ရေး ဓာတ်အားခွဲရုံများစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာ သုံးစွဲနိုင်ရေး၊ ဗို့အားကျဆင်းမှုမရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် အောက်တိုဘာ ၂၁ ရက်တွင် ၂၃၀ ကေဗွီ နှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံများသို့ သွားရောက်စစ်ဆေးသည်။

တောင်ငူခရိုင်အတွင်းရှိအုတ်တွင်း၊ ကျွဲပွဲ၊ ဇေယျဝတီ၊ ဖြူး၊ ကညွတ်ကွင်း၊ ပဲနွယ်ကုန်းနှင့် ပဲခူးခရိုင်အတွင်းရှိ ကျောက်တံခါး၊ ညောင်လေးပင်၊ ဒိုက်ဦး မြို့နယ်များရှိ ၃၃ ကေဗွီခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားရှိသည့် လက်ရှိဗို့အား အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဗို့အားကျဆင်းမှုဖြစ်ပွားနေမှုများကို ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထိန်းညှိဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဖြူး၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ကညွတ်ကွင်း၊ ညောင်လေးပင်၊ ပြွန်တန်ဆာနှင့် ဒိုက်ဦးမြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်ရှိဓာတ်အားပေးထားသော ၂၃၀ ကေဗွီ သာယာကုန်းပင်မဓာတ်အားခွဲရုံမှ ၂၃၀/၃၃/၁၁ ကေဗွီ (၃၀) အမ်ဗွီအေ ထရန်စဖော်မာအား ၂၃၀/၃၃/၁၁ ကေဗွီ (၆၀) အမ်ဗွီအေ ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**▼ အာရှ ယူ-၁၉ မှ**

ဇော်မွန်းအောင်တို့ ပါဝင်နေသည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ ပထမပွဲတွင် ဟန်နာတက္ကသိုလ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲတွင် ဂမ်ဘာအိုဆာကာလူငယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တတိယပွဲတွင် ဟန်နာတက္ကသိုလ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဟန်နာတက္ကသိုလ်အသင်းနှင့် နှစ်ပွဲကစားခဲ့ပြီး အောက်တိုဘာ ၂၁ ရက်တွင် ဂျပန်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု (ဆ) ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည်ဖြစ်ပြီး တရုတ်၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် တရုတ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ရေဘေးကယ်ဆယ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ကလေး အောက်တိုဘာ ၂၂**
ကလေးဒေသသည် နယ်မြေဆက်စပ်လျက်ရှိသော ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါ ခရိုင်တို့မှ ရွာသွန်းသမျှသော မိုးရေများသည် မြစ်ရေ၊ ချောင်းရေများမှတစ်ဆင့် မြစ်သာမြစ်ထဲသို့ စီးဝင်လျက်ရှိသဖြင့် မိုးရာသီရောက်တိုင်း ကလေးဒေသသည် အချိန်မရွေးရေကြီးရေလျှံမှုဖြစ်ပေါ်ရန် အနေအထားရှိခဲ့သည်။ ယခင် ရေလျှံမှုဖြစ်စဉ်၏ အားနည်းချက်၊ အားသာချက်ကိုသုံးသပ်ရေးအတွက် ရေဘေးကယ်ဆယ်ရေး အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီတွင် မြို့နယ်စုပေါင်းရုံး၌ ကျင်းပသွားမည်ဖြစ်သည်။

ပထမပိုင်းတွင် စက်တင်ဘာလ ရေကြီးရေလျှံမှုအတွင်း ကယ်ဆယ်ရေးဇုန်အလိုက် ဆွေးနွေးကြမည်ဖြစ်ပြီး ဒုတိယပိုင်းအစီအစဉ်တွင် စုပေါင်း အဖြေရှာကြမည်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲသို့ စက်တင်ဘာလ ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေဘေးကျရောက်ခဲ့သော ရပ်ကွက်နှင့်ကျေးရွာတစ်ခုစီမှ သုံးဦးစီ၊ ရေဘေးကယ်ဆယ်ရေးတွင် တာဝန်ပေးအပ်ထားသော ဌာနဆိုင်ရာများ၊ CSO များ၊ ပရဟိတအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ ဖိတ်ကြားပြီး ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဖွဲ့ငါးဖွဲ့မှ ရေကြီးမှုဖြစ်ပွားစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးမည်ဖြစ်ပြီး အဖွဲ့(၁)နှင့် (၂)တို့သည် ရေဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများ ပြောင်းရွှေ့မှုအခြေအနေ၊ အဖွဲ့(၃)က ရေဘေးသင့်ပြည်သူများပြောင်းရွှေ့ပေးရေးနှင့် လုံခြုံရေး ဆောင်ရွက်ပေးမှု၊ အဖွဲ့(၄)က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးမှု၊ အဖွဲ့(၅)က ရေဘေး ကျရောက်ခဲ့မှု ရာသီဥတုနှင့် မြစ်ကြမ်းပြင်ရေမြင့်တက်လာမှုအခြေအနေတို့ကို အသီးသီးဆွေးနွေးတင်ပြကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့ငါးဖွဲ့မှ တင်ပြဆွေးနွေးချက်အပေါ် အနာဂတ် ကလေးဒေသ၌ ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပေါ်ချိန်တွင် ထိခိုက်မှု၊ ဆုံးရှုံးမှုမရှိစေရေးကို ဦးတည်ကာ အကောင်းဆုံး အဖြေရှာကြမည်ဖြစ်သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဖိတ်ကြားထားသူများသာမက ကလေးဒေသကို ချစ်မြတ်နိုးသည့် စိတ်ဝင်စားသူများပါ တက်ရောက်နိုင်ကြောင်း သိရသည်။ **(ဂျိုးနက်)**




# ကြက်သွန်နီဈေးနှုန်း သုံးရက်အတွင်း တစ်ပိဿာသုံးရာ မြင့်တက်



**ရန်ကုန် အောက်တိုဘာ ၂၂**
ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ တစ်ရက်လျှင်တစ်ပိဿာ တစ်ရာကျပ်နှုန်းစီမြင့်တက်လာရာ အောက်တိုဘာ ၂၀ ရက်က ငွေကျပ် ၂၃၂၅ ကျပ်မှ ၂၆၂၅ ကျပ်အထိရှိလာသည်ဟု နေ့စဉ်ကုန်စည်ဒိုင်ဈေးနှုန်း စာရင်းနှင့် ပွဲရုံတို့မှ သိရသည်။

အောက်တိုဘာ ၁၇ ရက်တွင် ငွေကျပ် ၁၈၂၅ မှ ၂၃၂၅ ကျပ်ကြားသာရှိခဲ့သော်လည်း အောက်တိုဘာ ၁၉ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် အတော်များများ ဝင်ရောက်သည့်ကြားမှ တစ်ပိဿာ ငွေကျပ် ၁၀၀ ဈေးမြင့်တက်ရာမှ သုံးရက်ဆက်တိုက် ဈေးမြင့်တက်လာခြင်း ဖြစ်သည်။

ယခုရက်ပိုင်းရွာသောမိုးကြောင့် နယ်အချို့တွင် ကြက်သွန်နီစိုက်ခင်းအချို့ပျက်စီး၍ရန်ကုန်ဈေးကွက်သို့ အချိန်စောဝင်မည့် မိုးကြက်သွန်နီ အဝင်နောက်ကျလာနိုင်ခြင်း၊ တရားမဝင်တင်သွင်းနေသော ပြည်ပကြက်သွန်နီ အပေါ် အရေးယူပေးရန်တင်ပြခြင်းများ ရှိလာခြင်းနှင့်အတူ ပြည်တွင်း ကြက်သွန်နီဈေးကွက်တွင် ဈေးမြင့်တက်ခြင်းဖြစ်သည်ဟု မြစ်ဝကျွန်းပေါ်ဒေသမှ ကုန်ဝယ်ပို့နေသူ ကိုဇော်က ဆိုသည်။

နှစ်စဉ် ရာသီဥတုအခြေအနေကြောင့် ကြက်သွန်ခင်းများ ရေမြုပ်ပျက်စီးခဲ့ရပြီး ဈေးခုန်တက်လာသည်မှာ ပုံမှန်လိုဖြစ်လာပြီး ယခုနှစ်တွင်လည်း တစ်ပိဿာ ငွေကျပ် ၃၀၀၀ နီးပါးအထိ ရှိလာသည်။ ကြက်သွန်နီခင်းများပျက်စီးမှုကြောင့် ဈေးအဆမတန်မြင့်တက်မှုသည် ၂၀၁၅ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင်ဖြစ်ခဲ့ပြီး ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၃၃၀၀ ဝန်းကျင်အထိ ရှိခဲ့သည်။

ယမန်နှစ် အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၁၂၀၀ မှ ၁၅၀၀ ဝန်းကျင်ရှိရာမှ ယခုနှစ်တွင် ကျပ် ၂၇၀၀ မှ ၂၈၀၀ ဝန်းကျင်ရှိကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ထားသည်ဟု အောက်တိုဘာ ၂၁ ရက်ထုတ် အပတ်စဉ်ဂျာနယ်တွင် ပန်းပန်နေဆဲ ဈေးခြင်းတောင်းထဲက ကုန်ဈေးနှုန်းဆောင်းပါးတွင် ကြက်သွန်နီအခြေအနေကို ဖော်ပြထားသည်။

သို့သော်ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌဖြစ်သူက ကြက်သွန်နီထက် စားသုံးသူတွေအတွက် အာလူးတို့၊ ဆန်တို့၊ ဆီတို့ ဈေးမတက်ဖို့လိုပါတယ်ဟုပြောကြောင်း အောက်တိုဘာ ၁၆ ရက်ထုတ် သတင်းဆောင်းပါးတွင် ဖော်ပြလာသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ကြက်သွန်နီထွက်ရှိသည့်တန်ချိန် ၁၁၄၁၁၁ တန်ရှိပြီး ပြည်ပတင်ပို့မှုတွင်လည်းနည်းခဲ့သည်။ ပြည်တွင်းကြက်သွန်ဈေးတစ်ပိဿာ ငွေကျပ် ၁၀၀၀ အောက်သာရှိခဲ့ပြီး ပြည်ပအပို့များခဲ့သော ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် ပြည်တွင်းကြက်သွန်နီအထွက်တန်ချိန်မှာ ၁၀၉၀၀၀၀ ခန့်သာရှိပြီး ပိုလျှံမှုတန်ချိန် ၄၆၂၀၀၀ ၏ ၁၂ ဒသမ ၂၃ ရာခိုင်နှုန်း တင်ပို့ခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်တို့တွင်ကြက်သွန်နီတစ်ပိဿာ လက်ကားဈေး ငွေကျပ် ၃၀၀၀ မှ ၃၇၀၀ ကြားရှိခဲ့ကာ ၂၀၁၄ ၂၀၁၅ ဘဏ္ဍာနှစ်တို့တွင် ကြက်သွန်နီအထွက်တန်ချိန် ၁၂၆၄၈၅၄ တန်ရှိပြီး ပြည်ပတင်ပို့မှုမှာ ပိုလျှံမှု၏ ၆ ဒသမ ၀၅ ရာခိုင်နှုန်းရှိသည်ဟု စက်တင်ဘာ ၂၅ ရက်ထုတ် စီးပွား/ကူးသန်းဂျာနယ်တွင် ဖော်ပြထားသည်။

ယခုနှစ်အတွင်း နယ်စပ်မှပို့သည့် ကြက်သွန်နီတစ်တန်ဈေးမှာ အမေရိကန်ဒေါ်လာ ၃၅၀ မှ ၄၅၀ ကြားရှိပြီး အိန္ဒိယကြက်နီသွန်တစ်တန် Export FOB အရောက် ဒေါ်လာ ၁၅၀ ဖြင့် ရောင်းသည်အထိ ဈေးပေါကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌက ပြောသည်။

ထိုသို့ပြည်ပပို့ဈေးနှုန်း ပြည်ပကြက်သွန်ပို့ဈေးနှုန်းများနိမ့်ကျနေချိန် ပြည်တွင်းတွင် ကြက်သွန်နီတစ်တန်ဒေါ်လာ ၁၀၀၀ ဝန်းကျင်ဖြင့် စားသုံးသူများ ဝယ်စားနေရသည်။ ပြည်ပမှ ကြက်သွန်နီတင်သွင်းရမည်ဟု ရန်ကုန်ကြက်သွန်နီ NGO တာဝန်ရှိသူများက ဇူလိုင်လမကုန်ခင်ကတည်းက ပြောကြားသည်ဟု ယင်းကာလထုတ်မီဒီယာအချို့တွင် မြင်တွေ့ရသော်လည်း တရားဝင် ပြည်ပကြက်သွန်နီများတင်သွင်းမှု ခွင့်ပြုထားခြင်းမရှိသေးဟု စီးပွား/ကူးသန်း တာဝန်ရှိသူတစ်ဦးကပြောကြောင်း အောက်တိုဘာ ၁၂ ရက် ထုတ်မီဒီယာတွင် ဖော်ပြလာသည်။

ယခုရက်ပိုင်း မိုးများ၍ ကြက်သွန်မဖော်နိုင်ခြင်းနှင့်အတူ ပြည်ပကြက်သွန်နီများ ပြည်တွင်းသို့ တရားမဝင်ဝင်ရောက်နေခြင်းကို အိန္ဒိယနိုင်ငံပဲတင်သွင်းမှုကန့်သတ်သကဲ့သို့ ကုန်သည်နှင့်တောင်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ တားဆီးပိတ်ပင်ပေးရန် တင်ပြခြင်းကြောင့် ရန်ကုန်ဈေးကွက်တွင် ကြက်သွန်ဈေးများ မြင့်တက်လာရာရက်ပိုင်းအတွင်းတစ်ပိဿာ ကျပ် ၃၀၀၀ အထက်ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းနေကြသည်။ ယခုနှစ်နွေကြက်သွန်ဝယ်ရင်းဈေး တစ်ပိဿာ ငွေကျပ် ၆၀၀ ဝန်းကျင်မှ ယခုရက်ပိုင်း ငွေကျပ် ၂၆၀၀ ဝန်းကျင်အထိမြင့်တက်ပြီး ဆက်လက်၍တက်လာလျှင် နေ့စဉ် ကြက်သွန် သုံးစွဲနေရသည့် စားသောက်ဆိုင်လုပ်ငန်းများ၊ စားသုံးသူများ ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းကို ပိုမိုခံစားလာရမည်ဟု လေ့လာစောင့်ကြည့်သူတစ်ဦးက ဆိုသည်။

အိန္ဒိယတွင် ယခုလပိုင်းကြက်သွန်အသစ်မပေါ်မီ ဈေးမြင့်တက်လာခြင်းအပေါ် အခွန်စည်းကြပ်ခြင်းဖြင့်လုပ်ဆောင်ခဲ့ရာ လှောင်သမားများ ဈေးမကစားရဲဘဲ ကြက်သွန်ဈေးပြန်ကျခဲ့မှုများရှိခဲ့သည်။ ကုန်ထုတ်လုပ်သူနှင့် စားသုံးသူအပေါ် အဓိကအကျိုးသက်ရောက်ခြင်းရှိသော ကြက်သွန်နီဈေးကြီးခြင်း၊ ဈေးနည်းခြင်းတို့သည် အနည်းစုဖြစ်သော ကုန်ထုတ်လုပ်သူထက်အများစုဖြစ်သောစားသုံးသူကို ဦးစားပေးရမည့်အခြေအနေဖြစ်သည်ဟု စီးပွား/ကူးသန်းဂျာနယ်ပါ ဘယ်လိုလဲကြက်သွန်နီဆောင်းပါးတွင် ဖော်ပြထားသည်။

ပြည်တွင်းကြက်သွန်နီ လက်ကျန်နည်းသည်ဟုအကြောင်းပြနေခြင်းအပေါ် ပြည်တွင်းအထွက်တန်ချိန် ထုတ်ပြန်အသိပေးထားခြင်းကို မြေပြင်အခြေအနေမှန်များဖြင့် တိုက်ဆိုင်စစ်ဆေးပြီး စားသုံးသူအများစုအကျိုးအတွက် အိန္ဒိယနိုင်ငံ၏ ကြက်သွန်ဈေးနှုန်းကျဆင်းရန်လုပ်ဆောင်သကဲ့သို့ လုပ်ဆောင်ပေးစေလိုသည်။ အမှန်တကယ်လိုအပ်ပါက တရားဝင်တင်သွင်းခြင်းကို အချိန်မီတင်သွင်းရန်လုပ်ဆောင်ပေးခြင်းဖြင့် နှစ်စဉ်ပြည်တွင်းဈေးကွက်တွင် ကြုံတွေ့နေရဆဲ ကြက်သွန်နီဈေးနှုန်းမြင့်တက်နေသည်ကို လျှော့ချပေးစေလိုကြောင်း သုံးစွဲနေရသူများနှင့် အဝယ်တော်များက မှတ်ချက်ပေးသည်။

**(မောင်စေအောင်)**

❐

# ကွန်ကရစ်လမ်းကို ထပ်မံတိုးချဲ့ အဆင့်မြှင့်တင်ကုသိုလ်ပြု လှူဒါန်း

**အမရပူရ အောက်တိုဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သရက်တန်းရွာ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းကို ငွေကျပ် သိန်းသုံးရာ့ငါးဆယ် အကုန်အကျခံကာ ထပ်မံတိုးချဲ့အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

သရက်တန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးလမ်းမဖြစ်ပေါ်မီ လယ်ကန်သင်းအဆင့်မှစတင်ကာ ဆယ်စုနှစ်တစ်ခုကြာအထိ စုပေါင်းလမ်းဖို့ကာ မြေသားလမ်းအဖြစ် အသုံးပြုခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးရွာချင်းဆက်လမ်းအဖြစ် ကွန်ကရစ်လမ်းများကို ဖောက်လုပ်ခဲ့ကြသည်။ ကိုယ့်အားကိုယ်ကိုးလမ်းပိုင်းကို တစ်ဦးတည်းအလှူရှင်များက နှစ်စဉ်ကုသိုလ်ပြုခဲ့သည့်အတွက် ကျေးရွာလမ်းပိုင်းများမှာ မြစ်ငယ်မြို့ ကတ္တရာလမ်းပိုင်း၊ စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းများဖြင့် ချိတ်ဆက်မိပြီး နွေ၊ မိုး၊ ဆောင်း သွားလာမှုအဆင်ပြေလာခဲ့ကာ သုံးမိုင်ကျော် ကွန်ရစ်လမ်းခင်းနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် သရက်တန်းကျေးရွာမှ အလှူရှင် ဦးသောင်းလေးနှင့် ဇနီး ဒေါ်သိန်းစီမိသားစုက ငွေကျပ်သိန်း၃၅၀ ကျော် အကုန်အကျခံပြီး ယခင် ကားတစ်စီးသာသွားနိုင်သည့် လယ်ကြားလမ်းပိုင်းကို ထပ်မံအဆင့်မြှင့်တင် တိုးချဲ့ခင်းခဲ့သည်။ လမ်းဘေးရှိတောင်သူများကလည်း လမ်းတိုးချဲ့ဖောက်လုပ်နိုင်ရေးအတွက် မြေပေးလှူခဲ့သည့်အတွက် ယခင်ကွန်ကရစ်လမ်းကျဉ်းပေတစ်သောင်းတစ်ထောင်ကိုချဲ့ထွင်ကာ လမ်းပိုင်းအဆင့်မြှင့်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိကာလတွင် အလျားပေတစ်သောင်းတစ်ထောင်၊ အနံပေ ၂၀ ကျယ်ဝန်းကာ ကားနှစ်စီးရှောင်နိုင်သည့် ကွန်ကရစ်လမ်းအဖြစ် အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

❐



# မုံရွာဘုရားကြီးပွဲတော်တွင်ရောင်းချနေသော နယ်လှည့်ဈေးသူဈေးသားများနှင့် ရွှေစည်းခုံဂေါပကအဖွဲ့ ရခိုင်ဒေသသို့ငွေကျပ် ၂၅သိန်း လှူဒါန်း

**မုံရွာ အောက်တိုဘာ ၂၂**
မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီးပွဲတော်တွင်ရောင်းချနေကြသော နယ်လှည့်ဈေးသူဈေးသားများစုပေါင်း၍ ရခိုင်ဒေသမှ ဒေသခံပြည်သူများအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ ရွှေစည်းခုံဘုရားကြီး ဓမ္မစကြာဓမ္မာရုံအတွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ တက်ရောက်လက်ခံသည်။


အလှူငွေများကို ဘုရားကြီးဈေးပွဲတော်တွင် ရောင်းချနေကြသော နယ်လှည့်ဈေးသူဈေးသားများထံမှ စုပေါင်းကောက်ခံ၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် ရခိုင်ဒေသသို့ ပေးပို့လှူဒါန်းခြင်းဖြစ်ရာ နယ်လှည့်ဈေးသူဈေးသားများက ငွေကျပ်သိန်း၂၀ နှင့် ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့က ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ်၂၅ သိန်းကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❐

## ပြည်တွင်းရေးရာ

# ပြည်သူ့အချစ်တော် ဆင်မကြီးမိုမို မွေးနေ့ပွဲ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ပျော်ရွှင်စွာဆင်နွှဲ




**ရန်ကုန် အောက်တိုဘာ ၂၂**
ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရဲ့ မျိုးဆက်သစ်ဆင်မလေး မေသဲဖြူက သွက်လက်တဲ့ ဟန်ပန်အပြည့်နဲ့ ပိုစတာကြီးကို နှာမောင်းလေးနဲ့ အသာဆွဲကာ မိုမိုရဲ့မွေးနေ့ကို ဖွင့်လှစ်ပေးလိုက်တဲ့ အချိန်မှာတော့ ရောက်ရှိနေတဲ့ များစွာသော ပရိသတ်တွေရဲ့ "Happy Birthday မိုမို"လို့ တစ်ခဲနက် အော်ဟစ်ဆုတောင်းသံများဟာ တိရစ္ဆာန်ဥယျာဉ်အတွင်း လွင့်ပျံ့လို့ ထွက်ပေါ်လာပါတယ်။

ထို့နောက်မှာတော့ မွေးနေ့ပွဲပြုလုပ်ရာနေရာကို လှပတဲ့ အနီရောင်မွေးနေ့ဝတ်စုံကိုဝတ်ဆင်ပြီး သရဖူကို ဆင်မြန်းထားတဲ့ မွေးနေ့ရှင်ဆင်မကြီးမိုမိုဟာ အပေါင်းအဖော်ဆင်များနှင့်အတူ သူ့ရဲ့ ဒီကနေ့မှာကျရောက်တဲ့ (၆၄) နှစ်ပြည့် မွေးနေ့မှာ မွေးနေ့ကိတ်ခွဲရင်း ပျော်ရွှင်စွာဆင်နွှဲပါတော့တယ်။

"တစ်နိုင်ငံလုံးရဲ့ အချစ်တော် ဆင်မကြီးမိုမိုကို သူ့ရဲ့ပရိသတ်တွေ Happy Birthday ဆုတောင်းပေးတာကို ရစေချင်တယ်။ ပရိသတ်တွေနဲ့အတူ ပျော်စေချင်တယ်။ နောက်ပြီး အသက် (၆၄) နှစ်ရှိပေမယ့် ကျန်းကျန်းမာမာရှိနေတယ်ဆိုတာ အများပြည်သူကို သိစေချင်တယ်။ ဒါ့ကြောင့် မွေးနေ့ပွဲကို ကျင်းပပေးတာပါ"လို့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ စီမံမန်နေဂျာဦးမျိုးကျော်သူက ပြောပါတယ်။

မွေးနေ့မနက်ပိုင်းမှာ ပင့်သံဃာ ငါးပါးကို ဆွမ်းကပ်လှူပြီး တရားနာခဲ့တဲ့ မိုမိုရယ်ပါ။ ဒါ့အပြင် မိုမိုဘဝဖြတ်သန်းရာအကြောင်းကို ဒေါက်တာမြင့်သိန်းက ဟောပြောခဲ့ပြီး တစ်နေ့လုံးမှာလည်း ပျော်ရွှင်စရာအစီအစဉ်များဖြစ်တဲ့ မျက်လှည့်ပညာရှင်ကိုခိုင်၊ အဆိုတော် ဘရိတ်ကီရဲ့ ဖျော်ဖြေမှု၊ လူရွှင်တော် စိန်သီး၊ ပန်းသီးတို့ရဲ့ Life& Danceအဖွဲ့ရဲ့ ဖျော်ဖြေမှုများနဲ့ အကဖျော်ဖြေမှုများကလည်း ပရိသတ်တွေအတွက် စိတ်အပန်းတွေပြေစေခဲ့ပါတယ်။

တစ်ခါက မြန်မာ့အသံရဲ့ တနင်္ဂနွေနေ့များမှာ ထုတ်လွှင့်နေကျ "မိသားစုတနင်္ဂနွေ"သီချင်းကြောင့် ပိုပြီးလူသိများလာတဲ့ ကယားပြည်နယ် လွိုင်ကော်မြို့ကနေ အသက် ခုနစ်နှစ်အရွယ်ကတည်းကရောက်ရှိခဲ့တဲ့ ပြည်သူ့အချစ်တော်ဆင်မလေး မိုမိုဟာ ယခုတော့ အသက် (၆၄) နှစ်အရွယ်ဆင်မကြီးမိုမိုဖြစ်နေပါပြီ။

"နယ်မှာနေခဲ့တာဆိုတော့ ငယ်ငယ်က ရေဒီယိုကလာတဲ့ သီချင်းမှာ မိုမိုရေ-ဝူး ဆိုပြီး ထူးတဲ့ သီချင်းထဲကနေ မိုမိုကို သိခဲ့တာ။ ဒီနှစ်မှ ရန်ကုန်ရောက်တာ။ ကလေးတွေကို လာပြရင်းပေ့ါ"လို့ ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးဖြစ်သူ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်မင်းခိုင်မျိုးက ပြောပါတယ်။

ဆင်လိမ္မာကြီးမိုမိုဟာ ရန်ကုန်တိရစ္ဆာဥယျာဉ်အတွင်းကို ရောက်ရှိလာတဲ့အချိန်ကစလို့ တာဝန်ထမ်းဆောင်နေစဉ်ကာလတွေမှာ ကင်းမြီးကောက်ထောင်ခြင်း၊ ဘာဂျာမှုတ်ခြင်း၊ မော်လမြိုင် ရေသဘင်အက ကပြခြင်း၊ ပုသိမ်ထီးအက ကပြခြင်းများဖြင့် ပရိသတ်များကို ဖျော်ဖြေခဲ့သူပါ။

သူနဲ့အတူ ပျော်ရွှင်စွာတာဝန်ထမ်းဆောင် ဖြတ်သန်းခဲ့ဖူးတဲ့ ဆင်ထီးကြီးအောင်တိုး၊ ဆင်မမတိုး၊ ဆင်မမရမ်းကော့၊ ဆင်မမိုးမိတ်တို့က သေဆုံးခဲ့ပြီး မိုမိုကိုထားခဲ့ကြပါပြီ။

"မိုမိုကြီးက အခုထိလိမ္မာတယ်။ ခေါ်ရင်ထူးတယ်။ သူငယ်ငယ်က ကခဲ့တဲ့ ပုသိမ်ထီးအကလေးကို အရမ်းကြိုက်တယ်။ ခုတော့ မကနိုင်ရှာတော့ဘူးထင်ပါရဲ့၊ ဒါပေမယ့် ချစ်နေဆဲပဲ။ အသက်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပါတယ်" လို့ မိုမိုမွေးနေ့သို့လာရောက်တဲ့ သာကေတမြို့နယ်မှ ဒေါ်အိမ့်မွန်မွန်သော်က ပြောပါတယ်။

အရပ်မြင့် ၇ ပေ ၉ လက်မ၊ လုံးပတ် ၁၅၀ လက်မရှိပြီး အမူအကျင့်ကောင်းမွန်တဲ့ ဟိုင်းဆင်မျိုးဆင်မကြီးမိုမိုဟာ အခုအချိန်မှာတော့ အတူနေဖော်များဖြစ်တဲ့ ဆင်မလေးမျိုးမျိုး၊ မိုးသော်ပြည့် မလှချော၊ မချောလေးနဲ့ မေသဲဖြူတို့အလယ်မှာ အစ်မကြီးသဖွယ် စီမံအုပ်ချုပ်လျက်ရှိတဲ့ ဆင်မကြီးပါ။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ထဲက ဆင်တွေအားလုံးကို ထူးခတ်ထားခြင်းမရှိသလို ဆင်မကြီးမိုမိုကိုလည်း ဖျော်ဖြေမှုတွေမလုပ်စေဘဲ အနားပေးထားတယ်လို့ သိရပြန်ပါတယ်။

"မိုမို မွေးနေ့လုပ်တာ လေးနှစ်ရှိပြီ။ ဒီနှစ်လူအများဆုံးပဲ၊ ဒါကလည်း ဆင်မကြီး မိုမိုရဲ့ကုသိုလ်ပေ့ါ။ ဆင်ပင်ဖြစ်လင့်ကစား၊ ဆင်မဲပင်ဖြစ်လင့်ကစား ဒီလောက် လူတွေရဲ့ ချစ်မြတ်နိုးမှုကိုခံရတာမြင်ရတော့ မိုမိုကြီးအတွက် ပီတိဖြစ်ရတယ်"လို့ မိုမိုရဲ့ မွေးနေ့ကို ရောက်ရှိဆင်နွှဲတဲ့ တိရစ္ဆာန်ဆရာဝန် ဒေါက်တာမြင့်သိန်းက ပြောပါတယ်။

ဒေါက်တာမြင့်သိန်းအတွက် ဆင်မကြီးမိုမိုရဲ့ မမေ့နိုင်စရာ၊ ပြောမကုန်စရာအကြောင်းတွေ အများကြီးထဲကမှ တစ်ခုကတော့ "ဩ့သည်ရောက်နေလို့ လှည့်မကြည့်မိတာကို သူက နှာမောင်းနဲ့ နောက်ကနေဆတ်ကနဲတွန်းပြီး ကျွီလို့ အသံပေးတာ ကျွန်တော့်ကိုသတိပေးတဲ့သဘော၊ အဲ့လိုမျိုးဆိုတော့ ပိုပြီး သံယောဇဉ်ဖြစ်ရပါတယ်"လို့ ဆိုပါတယ်။

မိုမိုဟာ ၁၉၉၂ ခုနှစ်မှာကျင်းပတဲ့ မြင်းခင်းသဘင်ပွဲတော်၊ တရုတ်ပြည်က စွယ်တော်ပင့်ဆောင်ရာမှာလည်း နှစ်ကြိမ်တိုင်တိုင် ၊ရွှေတိဂုံဘုရား မြောက်ဘက်စောင်းတန်းကြီး ဖွင့်ပွဲ၊အနောက်ဘက်နှင့် တောင်ဘက်စောင်းတန်းကြီးဖွင့်ပွဲစတဲ့ နိုင်ငံတော်အခမ်းအနားတွေမှာလည်း ဝန်ထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါသေးတယ်။

ဒါ့အပြင် ဆင်မကြီးမိုမိုဟာ အချော့ကြိုက်တတ်ပြီး စိတ်ဆိုးလာသည့်အခါမှာလည်း ခြေကိုစောင့်ကာ ခေါင်းကို အခါခါရမ်းခါပြတဲ့ အမူအရာနဲ့ ပြတတ်သေးတယ်လို့ လက်ရှိမိုမိုကိုထိန်းသိမ်းနေတဲ့ ငါးဆက်မြောက်ဆင်ထိန်း ဦးစိုးစံဝင်းထံက သိရပါတယ်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နဲ့အတူ ဆင်လို့ ဆိုလိုက်တာနဲ့ ဆင်မကြီးမိုမိုကို ကလေး၊ လူကြီးမရွေးသိရှိပြီး ချစ်ခင်နှစ်သက်ကြတဲ့ အကြောင်းအရင်းနဲ့ ပတ်သက်လို့ ဆင်ထိန်းကြီးက"တိရစ္ဆာန်ပင်ဖြစ်လင့်ကစား သူကပရိသတ် ချစ်ခင်အောင်နေတတ်တယ်။ ယဉ်ပါးလွယ်တယ်။ တတ်သိလိမ္မာတယ်။ သင်ပေးသမျှလည်းတတ်တယ်လေ"လို့ ပြောပြခဲ့ပါတယ်။

တိရစ္ဆာန်ပင်ဖြစ်လင့်ကစား လူသားတစ်ဦးရဲ့ မွေးနေ့ကဲ့သို့ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပခွင့်ရတဲ့ မိုမိုရဲ့မွေးနေ့ပွဲမှာ လာရောက်သီဆိုဖျော်ဖြေတဲ့ တေးသံရှင် ဘရိတ်ကီကလည်း "လူသားတစ်ယောက်မဟုတ်တဲ့ ဆင်မကြီး မိုမိုရဲ့ မွေးနေ့မှာဖျော်ဖြေရတော့ စိတ်ထဲမှာ အံ့ဩထူးဆန်းမှုနဲ့ လက်ခံမိတယ်။ အရင်နှစ်တွေက တစ်ခါမှမဖျော်ဖြေဖူးဘူး။ ဒါပေမယ့် မိုမိုက ကျွန်တော့် ရင်ထဲမှာ မစိမ်းပါဘူး၊ ငယ်ငယ်ကတည်းက ချစ်ရတဲ့မိုမို ကျန်းကျန်းမာမာ အသက်ရှည်ရှည်လေးနေရပါစေ ဆုတောင်းမိတယ်"လို့ ဆိုပါတယ်။

သူ့ဘဝတစ်လျှောက်လုံးမှာ ၁၉၉၆-၉၇ ခုနှစ်အထိ အစာအိမ်ဝေဒနာအပြင်း အထန်ခံစားရပြီး ဝန်ထမ်းများရဲ့ စောင့်ရှောက်မှုနဲ့ ပြန်လည်ကျန်းမာလာခဲ့တာ တစ်ခုကလွဲပြီး အခြားဝေဒနာမရှိ ကျန်းမာစွာဖြတ်သန်းနေဆဲပါ။

"ခုတော့ ဘာမှကြီးကြီးမားမားဖြစ်တာ မရှိပါဘူး။ မိုမိုကို သက်တမ်းစေ့နေဖို့ အမြဲဆုတောင်းတယ်။ အဲ့လိုသက်တမ်းစေ့နေထိုင်နိုင်ဖို့အတွက် ပိုပြီး ဂရုစိုက်ရမယ့်တာဝန်တွေ ကျွန်တော်တို့မှာရှိတယ် လို့ခံယူထားပါတယ်"လို့ ဆင်ထိန်း ဦးစိုးစံဝင်းက ပြောပါတယ်။

မိုမိုရေလို့ခေါ်ရင် ခေါ်သူအနားအပြေးသွားပြီး ခြေတစ်ဖက်မြောက်ကာ နှာမောင်းလေးပင့်ကာ ကပြနေဆဲဖြစ်တဲ့ နှစ်ပေါင်း ၅၇ နှစ်တာကာလအထိ ကျန်းမာသန်စွမ်း ပျော်ရွှင်စွာဖြင့် ယနေ့ထက်တိုင် ပြည်သူ့မေတ္တာကို ခံယူနေဆဲဖြစ်တဲ့ သက်တော်ရှည် ဆင်မကြီးမိုမိုပါ။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးထဲက နိုင်ငံကျော်ပြည်သူချစ်သောမိုမို၊ မိုမိုရေလို့ခေါ်တိုင်း-ဝူး လို့ ပြန်ထူးနေတတ်တဲ့ မိုမို၊ တတ်သိလိမ္မာတဲ့မိုမို။ ယခုကျရောက်တဲ့ (၆၄) နှစ်ပြည့် မွေးနေ့မှစ၍ နှစ်တစ်ရာတိုင် မိုမိုကိုချစ်သော၊ မိုမိုကချစ်သော ပရိသတ်များနှင့်အတူ အသက်ရှည်အနာမဲ့စွာ နေထိုင်နိုင်ဖို့ ဆုတောင်းရင်း "Happy Birthday"ပါ မိုမို။ ။

**သတင်းဆောင်းပါး-သီသီမင်း**
**ဓာတ်ပုံ-ဇာနည်မောင်**

---

## မန္တလေးမြို့တွင် ပုရစ်များ အရောင်းအဝယ်ကောင်း

**မန္တလေး အောက်တိုဘာ ၂၂**
မန္တလေးမြို့သို့ ကသာ၊ ထီးချိုင့်ဘက်မှ ပုရစ်များ လှိုင်လှိုင်ဝင်လျက်ရှိသလို အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ရောင်းချမှုတွင် အစိမ်းရောင်းချခြင်းနှင့် ကြော်ပြီးသား ရောင်းချခြင်းဟူ၍ နှစ်မျိုးရှိပြီး အစိမ်းရောင်းချမှုတွင် ပုရစ်အထီးနှင့် ပုရစ်အမကို ခွဲခြားကြသည်။

ပုရစ်အထီးတစ်ကောင်လျှင် ငွေကျပ် ၅၀ နှုန်းနှင့် အကောင် ၁၀၀ ကို ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချပြီး ပုရစ်အမတစ်ကောင်လျှင် ငွေကျပ် ၈၀ နှုန်းနှင့် အကောင် ၁၀၀ ကို ငွေကျပ် ၈၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ ပုရစ်များကို ဖော့ပုံးများဖြင့် စနစ်တကျသယ်ဆောင်လာကာ ဖော့ပုံးတစ်ပုံးလျှင် ပုရစ်အကောင်ရေ ၆၀၀၀၀ ခန့်အထိ ပါဝင်သည်။ ယခုလပိုင်းအတွင်း ဝင်သော ပုရစ်များကို အခါပုရစ်ဟုခေါ်ကာ မိုးပုရစ်နှင့် အခါပုရစ်ဟု ခွဲခြားခေါ်ဝေါ်သည်။ ဝါဆို၊ ဝါခေါင်လတို့တွင်ပေါ်သော မိုးပုရစ်ထက် တော်သလင်း၊ သီတင်းကျွတ်လတို့တွင်ပေါ်သော ပုရစ်က ပိုပြီး စားကောင်းသည်။



မန္တလေးမြို့တွင် ပုရစ်အစိမ်းနှင့် ပုရစ်ကြော်များကို မဟာမုနိဘုရားကြီး မြောက်ဘက်(၈၂)လမ်းပေါ်တွင် တွင်ကျယ်စွာရောင်းချသည်။ ပုရစ်ကြော်ရောင်းသူများမှာလည်း ပုရစ်စိမ်းရောင်းသူများထံမှ တစ်ဆင့်ဝယ်ကာ ကြော်ရောင်းကြသည်။ ပုရစ်ကြော်ရောင်းချမှုတွင်လည်း အထီးနှင့် အမ ခွဲခြားပြီး ပုရစ်အထီးတစ်ကောင်လျှင် ငွေကျပ် ၈၀ နှင့် ပုရစ်အမ ကြော်ပြီးသားတစ်ကောင်လျှင် ငွေကျပ် ၁၀၀ ဖြင့် ရောင်းချကြသည်။ ပုရစ်အဝင်နည်းခြင်း၊ များခြင်းအရ ဈေးနှုန်း အတက်၊ အကျရှိပြီး အစိမ်းရောင်းချသူများနှင့် ကြော်ရောင်းချသူများပါ အရောင်းအဝယ်ကောင်းလျက် ရှိသည်။ ပုရစ်ကြော်ရောင်းသူများမှာ တစ်နေ့လျှင် ငွေကျပ် ၁၅၀၀၀ ကျော်ဖိုးအထိ ရောင်းချရသည်။ အများအားဖြင့် အစိမ်းရောင်းချသူများမှာ ပိုမိုရောင်းအားကောင်းပြီး အစိမ်းကိုဝယ်ကာ စိတ်တိုင်းကျကြော်စားသည်ကများကြောင်း သိရသည်။ **သရက်တန်း(စိုးရွှေ)**

---

## ညောင်ဦးတောင်သူများ ဆောင်းသီးနှံအတွက် စိုးရိမ်

**ညောင်ဦး အောက်တိုဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဆောင်းသီးနှံဖြစ်သော နှမ်း၊ ငရုတ်၊ မြေပဲနှင့် ပဲအမျိုးမျိုး စိုက်ပျိုးလျက်ရှိရာ တန်ဆောင်မုန်းလတွင် အချိန်အခါမဟုတ် တောင်လေပြင်းပြင်းတိုက်ခတ်မှုကြောင့် ပိုးကျမည်ကိုစိုးရိမ်နေကာ ကျွန်းစိုက်တောင်သူများက ရေပြန်တက်မှာ စိုးရိမ်နေကြကြောင်း သိရသည်။

"ဒီလိုရက်တွေမှာ တောင်လေတိုက်တယ်ဆိုတာ မရှိဖူးခဲ့ဘူး။ အခုတောင်လေ တိုက်တယ်ဆိုတော့ နောက်ပိုင်း မိုးရွာဦးမလား၊ ဧရာဝတီမြစ်ရေတိုးလာဦးမလား စိုးရိမ်နေရတယ်။ ဒီတော့ ဆောင်းသီးနှံ ကြက်သွန်၊ ငရုတ်၊ ပဲအမျိုးမျိုးနဲ့ ဆောင်းနှမ်းစိုက်သူတွေ ပိုးကျမှာ စိုးရိမ်ရတယ်"ဟု အထက်ညဉ့်ကျေးရွာမှ ဦးပြည့်က ပြောသည်။

သို့ဖြစ်၍ ယခုရက်ပိုင်းတွင် မိုးအုံ့ပြီး တောင်လေတိုက်သည့်အတွက် ဆောင်းသီးနှံပိုးကျမည်ကို တောင်သူအများစုက စိုးရိမ်နေကြကြောင်း သိရသည်။ **ကျော်ဌေး(ညောင်ဦး)**

---

## ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၂၂**
၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် စာရေးဆရာအသင်းဝင်များ၏ သား၊ သမီးများအား မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)၏ ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ အမှတ်(၁၇၃/၁၇၅) (၈-လွှာ) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုလက်မှတ်များနှင့် ငွေသားများ ချီးမြှင့်ခဲ့သည်။ **(မြင့်မြတ်အောင်မြင်)**

---

## ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ မြောင်မြို့နယ်ရှိ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းလေ့လာ

**မြောင် အောက်တိုဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ရှိ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းနှင့် ဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက်တွင် ဇီးကျွန်းကျေးရွာနှင့် ဘူးကိုင်းကျေးရွာတို့ရှိ ဆောင်ရွက်ပြီးစီးခဲ့သော ပထမနှစ် စက်ဝန်းနှင့် ဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲများ၊ အောက်တိုဘာ ၂၁ ရက်တွင် ကျားအိုကျေးရွာ၊ အောင်ချမ်းသာကျေးရွာ၊ ရွှေပန်းကျေးရွာနှင့် ရွှေပန်းကျွန်းကျေးရွာတို့ရှိ ပထမနှစ်စက်ဝန်းနှင့် ဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲများကို ကွင်းဆင်းကြည့်ရှုပြီး တင်ပြချက်အပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**



# ဘုရားဖူးယာဉ်တိမ်းမှောက်၍ နှစ်ဦးသေ၊ ၂၀ ဒဏ်ရာရ

**ပန်းတောင်း အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာအနီး ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးပေါ်တွင် ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဘုရားဖူးခရီးသည်တင်ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာအုပ်စု ပဲကြီးကျေးရွာအနီး ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီးတွင် မုံရွာဘက်မှ ပုသိမ်ဘက်သို့ ယာဉ်မောင်း ဇော်မင်း(၅၁)နှစ် သာကေတမြို့နယ်နေသူ မောင်းနှင်သော ဘုရားဖူးခရီးသည်တင်ယာဉ်သည် လမ်းဖြတ်ကူးနေသော ဘဲငန်းများကိုရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ငါးဦး၊ အမျိုးသမီး ၂၃ ဦးအနက် အမျိုးသမီးနှစ်ဦးသေဆုံးခဲ့ပြီး ကျန်ခရီးသည်များမှာ ဒဏ်ရာများအသီးသီးရရှိသဖြင့် ထုံးဘိုကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# ထိုင်းနိုင်ငံ၌ မြန်မာအလုပ်သမားများ အလုပ်လုပ်ကိုင်နေသည့် ဆိုဖာစက်ရုံ မီးလောင်

**နခွန်ပထုန် အောက်တိုဘာ ၂၂**

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမား ၁၀၀၀ ကျော် အလုပ်လုပ်ကိုင်နေသော ဆိုဖာစက်ရုံ၌ ယနေ့နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က နခွန်ပထုန်မြို့နယ် အုန်းနွဲ့စိုင်းဟရှိ မြန်မာအလုပ်သမား ၁၀၀၀ ကျော် အလုပ်လုပ်ကိုင်သော Lotus ဆိုဖာစက်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရာသို့ မီးငြှိမ်းသတ်ယာဉ် အစီး ၃၀ ဖြင့် မွန်းတည့်ချိန်ထိ မီးငြှိမ်းသတ်ခဲ့ရကြောင်း သိရသည်။



မြန်မာအလုပ်သမား ကိုနေမိုးမာန်က "မီးလောင်မှုကြောင့် မြန်မာအလုပ်သမားတွေ ထိခိုက်မှုတော့မရှိပါဘူး။ အလုပ်သမားတွေရဲ့ အလုပ်ရုံတစ်ခြမ်းလုံးတော့ ကုန်လုနီးပါးဖြစ်သွားပါတယ်။ ထိခိုက်မှုလုံးဝမရှိပါဘူး။ မီးလောင်မှုက ညပိုင်းအလုပ်ဝင်နေသူတွေ အဆိုင်းအထွက်လောက်မှာပဲ ဖြစ်သွားတာပါ"ဟု ပြောသည်။

အဆိုပါစက်ရုံတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမား ၁၀၀၀ ကျော်မှာ မြန်မာနိုင်ငံသို့ပြန်ပြီး MoU စနစ်ဖြင့် စက်ရုံ၌ ပြန်လည်ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည်မှာ တစ်လကျော်ခန့်သာရှိသေးကြောင်း၊ အဆိုပါစက်ရုံ၌ ဆိုဖာများ၊ အဝတ်အထည်ပိတ်စများ၊ ခြုံစောင်များ၊ မွေ့ရာများ၊ ခေါင်းအုံးများနှင့် အိပ်ရာခင်းမျိုးစုံကို ထုတ်လုပ်လျက်ရှိကြောင်း၊ လက်ရှိအနေအထားအရ MoU မြန်မာအလုပ်သမားများမှာ လုပ်ငန်းခွင် ဝင်ရောက်ရန်အတွက် အခက်အခဲ ကြုံတွေ့လျက်ရှိကြောင်း၊ အဆိုပါမီးလောင်မှုဖြစ်ပွားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ပွင့်သစ္စာ)**

# ရေနစ်နေသည့် ကလေးငယ်အား ဆင်းကယ်ရာမှ နှစ်ဦးစလုံး ရေနစ်သေဆုံး

**နေပြည်တော် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဘိုမင်းကြီးကျေးရွာတွင် အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီက လူနှစ်ဦး ရေနစ်သေဆုံးမှု ဖြစ်ပွားခဲ့သည်။ သတင်းအရ မြင်းမူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ မောင်သန့်သန့်ဇင် (၉)နှစ်သည် ကျေးရွာအတွင်းရှိ စိုက်ပျိုးရေးသုံးရေကန်၌ ရေဆင်းချိုးစဉ် ရေနစ်နေသဖြင့် တစ်ရွာတည်းနေ မစုစုထွေးက ဆင်းကယ်ရာမှ နှစ်ဦးစလုံး ရေနစ်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြင်းမူမြို့မရဲစခန်း၌ ရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ကုန်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**ညောင်လေးပင် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာအနီးတွင် ယနေ့နံနက် ၂ နာရီခန့်က ကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်ခဲ့သဖြင့် ခဏတာ ယာဉ်လမ်းကြောင်းပိတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးလမ်းဟောင်း ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ E-Lan ဆပ်ပြာမှုန့်များ တင်ဆောင်လာပြီး ယာဉ်မောင်း ကောင်းမြတ်အောင်(၂၇)နှစ် အောင်လံမြို့နေသူနှင့် ယာဉ်နောက်လိုက် နောင်သက်ပိုင်(၃၁)နှစ် လိုက်ပါလာသော ယာဉ်သည် ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် နံနက် ၇ နာရီအထိ ယာဉ်များပိတ်မိနေပြီး လူထိခိုက်ဒဏ်ရာရှိခြင်းမရှိကြောင်း သိရသည်။ ယာဉ်များ ပုံမှန်သွားနိုင်ရန်နှင့် ယာဉ်မောင်း ကောင်းမြတ်အောင်အား ညောင်လေးပင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့နယ် မကြုံဂလက်ကျေးရွာနေ မခိုင်ဝါဝါဖြူ(ခ)မဝါ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းစာမှုန့် ၁၉ ဒသမ ၈၉ ကီလိုကိုလည်းကောင်း၊ ကွင်းဆက်အရ တစ်ရွာတည်းနေ ဇင်မင်းထိုက်(ခ)သားကြီးထံမှ ဝယ်ယူခဲ့ကြောင်းသိရပြီး ၎င်း၏စက်လှေသည် အောင်မြန်မာကျေးရွာရှိ ကမ်းခြေတွင်ရပ်ထားကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေရာ ဇင်မင်းထိုက်(ခ)သားကြီးသည် ရေထဲသို့ ခုန်ချထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး လှေပေါ်ရှိ ဆာလာအိတ်အတွင်းမှ ဘိန်းစာမှုန့် ၁၉ ဒသမ ၆၂ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာ ပြင်ဦးလွင်-မန္တလေးကားလမ်းရှိ စားသောက်ဆိုင်အနီးတွင် ရဲဝင်းကိုနှင့် ရန်ပိုင်ဝင်း(ခ)ရဲမင်းတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

## အောက်တိုဘာလ ဒုတိယပတ်အတွင်း ကျပ် ၄၆၈ သန်းကျော်တန်ဖိုးရှိ

# အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများကို တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း အကောက်ခွန်မဲ့ပစ္စည်းများ (ကျပ် ၄၆၈ သန်းကျော်ဖိုး) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈ ဒသမ ၀၇၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းမိခဲ့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃ ဒသမ ၁၆၀ သန်း)၊ ပဲခူးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁ ဒသမ ၄၉၆ သန်းခန့်)၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၀၉၇ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၂၅ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈ ဒသမ ၁၂၄ သန်းခန့်)၊ မူဆယ် OSS စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သန်းခန့်) စုစုပေါင်း ၅၇ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈ ဒသမ ၀၇၇ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် အောက်တိုဘာ ၁၂ ရက်တွင် မန္တလေးသို့ သွားရောက်မည့် နစ်ဆန်း ၁၂ ဘီးယာဉ် နှစ်စီးနှင့် ကန်တာခြောက်ဘီးယာဉ်တစ်စီးတို့ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့များက တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၃ မျိုး(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၃၇၇ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**




# စပါးအတွက် ဆက်ရှိနေမည်ဟု ဟယ်ရီကိန်း အရိပ်အမြွက်ဆို

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက ကလပ်အသင်းတစ်ခုအတွက်သာ ဘဝတစ်လျှောက်လုံးကစားသည့် ကစားသမားဘဝကိုမြတ်နိုးကြောင်း ဆိုလိုက်ခြင်းဖြင့် သူ့အနေဖြင့် စပါးမှထွက်ခွာမည်မဟုတ်ကြောင်းကို ပေါ်ပေါ်ထင်ထင်ပြသလိုက်သည်။ ကိန်းက "ကျွန်တော်က ကလပ်အသင်းတစ်ခုတည်းအတွက် ကစားတဲ့ဘဝကို နှစ်သက်ပါတယ်။ ဒါက ကလပ်အသင်း ဘယ်လိုတွေပဲရွေ့ဆက်နေ မန်နေဂျာစတဲ့အပေါ်မှာ မူတည်နေပါတယ်။ ဒါပေမယ့်ကျွန်တော် ဒီမှာနေဖို့ဆန္ဒရှိပြီး လောလောဆယ်ဒီနေရာက ကျွန်တော့်အတွက် အကောင်းဆုံးဖြစ်တယ်ဆိုတာတော့ ပြောနိုင်ပါတယ်"ဟု မေရာသတင်းဌာနသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကိန်းက စပါးတွင် လေ့ကျင့်ရေးကွင်းကောင်းကောင်းရှိပြီး ကွင်းသစ်ကြီးကိုလည်း တည်ဆောက်နေသလို မန်နေဂျာကောင်းနှင့် လူငယ်ကစားသမားများရှိနေခြင်းကြောင့် ဒါသည်ပင် ရေခံမြေခံကောင်းသည့်အနေအထားဖြစ်ကြောင်း ဆိုခဲ့သည်။ ကမ္ဘာ့ထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်အတွင်း အကောင်းဆုံးပုံစံရရှိနေသည့် ဟယ်ရီကိန်းကို လာမည့်နွေစျေးကွက်အတွင်း ခေါ်ယူနိုင်ရန် ယခုကတည်းက ချိတ်ဆက်မှုများပြုလုပ်နေသလို အရခေါ်ယူနိုင်လိမ့်မည်ဟုလည်း ယုံကြည်ချက်ရှိနေကြောင်း သတင်းများထွက်နေချိန်တွင် ကိန်းက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ ရီးယဲလ်သည် ပြီးခဲ့သည့်နွေစျေးကွက်ကလည်း လူငယ်တိုက်စစ်မှူး မက်ပီကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့ဖူးရာ ဟယ်ရီကိန်း၏ ယခုစကားကြောင့် ရီးယဲလ်အသင်းအတွက် အနှောင့်အယှက်ဖြစ်စေမည်ဖြစ်သည်။

ဟယ်ရီကိန်းက အစောပိုင်းတွင် အပြောင်းအရွှေ့နှင့်ပတ်သက်၍ ဘယ်တော့မှဆိုသည့်စကားကို ဘယ်တော့မှပြောမည်မဟုတ်ကြောင်းဆိုခဲ့သော်လည်း ယခုမူ လက်ရှိကလပ်အသင်း စပါးမှထွက်ခွာရန် ရည်ရွယ်ချက်မရှိကြောင်း သူ၏နှုတ်မှ အတည်ပြုခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်မက်ဒရစ်သည် စပါးအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မတွေ့ဆုံမီကပင် ဟယ်ရီကိန်းကို စိတ်ဝင် တစားစောင့်ကြည့်နေခဲ့ပြီး ရီးယဲလ်နှင့်စပါးတို့ ယှဉ်ပြိုင်အပြီးတွင် စိတ်ဝင်စားမှု ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။ ရီးယဲလ်သည် ၂၀၁၃ ခုနှစ်က စပါးမှဂါရတ်ဘေးလ်ကို ထိုအချိန်က ကမ္ဘာ့စံချိန်တင်ကြေးပေါင် ၈၃ သန်းဖြင့် ခေါ်ယူခဲ့ဖူးသလို ယင်းမတိုင်မီကလည်း လူကာမိုဒရစ်ကို ခေါ်ယူခဲ့ဖူးသည့် အစဉ်အလာရှိခဲ့သည့်အသင်းဖြစ်သည်။

ရီးယဲလ်ဥက္ကဋ္ဌဟောင်း ကယ်လ်ဒါရွန်ကလည်း ရီးယဲလ်အနေဖြင့် စပွန်ဆာများ၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ထိပ်တန်းကစားသမားအများအပြားကို ခေါ်ယူနိုင်ရေး ပစ်မှတ်ထားနေကြောင်း ဝန်ခံခဲ့သည်။ ရီးယဲလ်၏ ပစ်မှတ်များတွင် ချယ်လ်ဆီး၏ ဟာဇက်၊ စပါး၏ ဟယ်ရီကိန်း၊ မန်ယူ၏ ဒီဂီယာတို့မှာ ထိပ်ဆုံးမှရှိနေသည်။ ထို့ပြင် ရီးယဲလ်တာဝန်ရှိသူများက စပါးနည်းပြ ပိုချက်တီနိုကို ဇီဒန်းနေရာဆက်ခံသူအဖြစ် ပစ်မှတ်ထားနေကြောင်း သိရသည်။ ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်က နည်းပြဇီဒန်းကို ဘယ်အခါမျှ ထုတ်ပယ်ပစ်ရန် ရည်ရွယ်ချက်မရှိသော်လည်း ဇီဒန်းသာ နုတ်ထွက်မည်ဆိုပါက ပိုချက်တီနိုကို အသင့်အစားထိုးရန်လျာထားခြင်းဖြစ်သည်။

မေလှဲ့သင်း-စုစည်းသည်




# မန်စီးတီးအတွက် စံချိန်တင်ဂိုးသွင်းရှင် ဖြစ်လာခဲ့သည့် ဆာဂျီယိုအဂွဲရိုး

မန်စီးတီးတိုက်စစ်မှူးအဂွဲရိုးသည် ဘန်လေနှင့်ပွဲစဉ်အတွင်း ရရှိသည့်ပင်နယ်တီကို ဂိုးအဖြစ်ပြောင်းလဲခဲ့ပြီးနောက် အဲရစ်ဘရွတ်၏ နှစ်ပေါင်း ၈၀ နီးပါးတင်ထားသည့် မန်စီးတီးအတွက် စံချိန်တင်ဂိုးသွင်းစံချိန်ကို လိုက်မီခဲ့သည်။ သို့သော် အဲရစ်ဘရွတ်က ၁၉၂၈ ခုနှစ်မှ ၁၉၄၀ ခုနှစ်အကြား ၁၂ နှစ်အတွင်း ၅၅၃ ပွဲဝင်ရောက်ကစားပြီးမှ ယင်းစံချိန်ကို ရရှိခဲ့ခြင်းဖြစ်သော်လည်း အဂွဲရိုးက ခြောက်နှစ်တာကာလ ၂၆၂ ပွဲ အတွင်း လိုက်မီခဲ့ခြင်းဖြစ်သည်။

အဂွဲရိုးသည် မန်စီးတီးအတွက် ပွဲဦးထွက် ၂၀၁၁ ခုနှစ် ဆွမ်ဆီးနှင့် ပွဲစဉ်မှာပင် သွင်းဂိုးနှစ်ဂိုးကို စတင်သွင်းယူနိုင်ခဲ့သည်။ ပွဲကစားချိန်မိနစ် ၃၀ နီးပါးတွင် ပင်နယ်တီဧရိယာအတွင်း ဘာနာဒိုဆေးလ်ဗားလဲကျခဲ့ရာ အငြင်းပွားဖွယ်ရာ အနေအထားဖြင့် ရရှိသည့်ပင်နယ်တီပြစ်ဒဏ်ကို အဂွဲရိုးက မန်စီးတီးအတွက် စံချိန်တင်မည့်ဂိုးအဖြစ်ပြောင်းလဲခဲ့သည်။ မန်စီးတီးအသင်းဝက်ဘ်ဆိုက်ကလည်း အဂွဲရိုး၏ စံချိန်တင်သွင်းဂိုးကို ဂုဏ်ပြုကြောင်းတင်ခဲ့သော်လည်း ပရိသတ်အများစုက ယင်းဂိုးကို အသရေမဲ့သော သွင်းဂိုးအဖြစ် မှတ်ချက်ပြုခဲ့ကြသည်ကို တွေ့ရသည်။ အဂွဲရိုးသည် ဟော်လန်တွင်ဖြစ်ခဲ့သည့် ကားမတော်တဆမှုကြောင့် နံရိုးကျိုးခဲ့ပြီး မကြာမီမှာပင် စံချိန်တင်သွင်းဂိုးတစ်ရပ်ကို စိုက်ထူနိုင်ခြင်းဖြစ်သည်။

ယင်းသွင်းဂိုးသည် မန်စီးတီးအတွက် ပရီမီယာလိဂ်သွင်းဂိုး ၇၀၀ ပြည့်ဂိုးလည်းဖြစ်ခဲ့ရာ အဂွဲရိုးအတွက် ပုဂ္ဂိုလ်ရေးအောင်မြင်မှုအဖြစ်သာမက ကလပ်အသင်းအတွက်လည်း မှတ်တမ်း ဝင်သည့် သွင်းဂိုးဖြစ်ခဲ့သည်။ ဒေးဗစ်ဝှိုက်က ၁၉၉၂ ခုနှစ် ဩဂုတ်လ ကျူပီအာနှင့် ပွဲစဉ်တွင် မန်စီးတီးအတွက် ပထမဦးဆုံးပရီမီယာလိဂ်ဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။

## ကစားသမားဘဝ အဆိုးရွားဆုံး ဆုံးဖြတ်ချက်အကြောင်း ဖွင့်ဟခဲ့တဲ့ အဒီဘိုင်ယော

တိုက်စစ်မှူး အဒီဘိုင်ယောက ခရစ္စတယ်ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းက သူ၏ကစားသမားဘဝ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံး ဆုံးဖြတ်ချက်ဖြစ်ခဲ့ကြောင်း ဖွင့်ဟခဲ့သည်။ အဒီဘိုင်ယောသည် အာဆင်နယ်၊ မန်စီးတီးနှင့် စပါးအသင်းတို့တွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ ကျင်လည်ခဲ့ဖူးသလို ရီးယဲလ်မက်ဒရစ်နှင့် မိန့်ဇ်တို့တွင်လည်း ကစားခဲ့ဖူးသည်။ သို့သော် သူသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီစျေးကွက်ဖွင့်လှစ်ချိန်တွင် စပါးမှ ပဲလေ့စ်သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၅ ပွဲတွင် သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

## လာလီဂါမှ ဘာစီလိုနာ ထွက်ခွာရန် ရည်ရွယ်ချက်မရှိဟု ဥက္ကဋ္ဌ ဘာတိုမူ အတည်ပြု

ကာတလိုနီးယားဒေသ သီးခြားလွတ်လပ်ရေးရသည့်တိုင် ဘာစီလိုနာအနေဖြင့် လာလီဂါမှနုတ်ထွက်ပြီး အခြားလိဂ်သို့ ပြောင်းရွှေ့ရန် ရည်ရွယ်ချက်မရှိကြောင်း ဥက္ကဋ္ဌ ဘာတိုမူက အတည်ပြုခဲ့သည်။ ဘာတိုမူက ဘုတ်အဖွဲ့ဝင်များအနေဖြင့် ကလပ်အသင်းကို ကာကွယ်ရန်အတွက် ဦးစားပေးစဉ်းစားထားကြသလို လာလီဂါမှ နုတ်ထွက်သွားမည်မဟုတ်ကြောင်းလည်း ဆိုခဲ့သည်။ ဘာတိုမူသည် ဆန္ဒပြမှုများနှင့် ပဋိပက္ခများဖြစ်ပွားနေသည့်ကာလက ဘာစီလိုနာအနေဖြင့် လာလီဂါမှ နုတ်ထွက်ကာ အခြားဥရောပလိဂ်တစ်ခုသို့ ပြောင်းရွှေ့ယှဉ်ပြိုင်နိုင်ကြောင်း ဆိုခဲ့သော်လည်း ယခုမူ ပြန်လည်ပြင်ဆင်ပြောကြားခဲ့ခြင်းဖြစ်သည်။

## အိုဇေးလ် အာဆင်နယ်အတွက် ရာနှုန်းပြည့်ပေးဆပ်မည်ဟု ဝင်းဂါးဆို

အိုဇေးလ်အနေဖြင့် စာချုပ်သက်တမ်းမည်မျှကျန်ရှိသည်ဖြစ်စေ ပရော်ဖက်ရှင်နယ်စိတ်ဓာတ်အရ အာဆင်နယ်အတွက် ရာနှုန်းပြည့်ပေးဆပ်ကစားလိမ့်မည်ဟု နည်းပြ ဝင်းဂါးက ပြောကြားလိုက်သည်။ အိုဇေးလ်သည် အာဆင်နယ်နှင့် ယခုနှစ် ဘောလုံးရာသီအကုန်မှာပင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ နွေစျေးကွက်အတွင်း မန်ယူသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဟု သတင်းပြေးနေသူဖြစ်သည်။ မန်ယူကလည်း ပြောင်းရွှေ့ကြေးမဲ့ ခေါ်ယူနိုင်မည်ဖြစ်သဖြင့် အိုဇေးလ်တောင်းဆိုသော တစ်ပတ်လုပ်ခပေါင် ၃၂၅၀၀၀ ပေးချေရန်လည်း ဝန်လေးမည်မဟုတ်ဟု သိရသည်။

## စူပါဆန်းဒေးတွင် ဂိုးမိုးရွာခဲ့ကြသည့် အာဆင်နယ်နှင့် စပါး

ပရီမီယာလိဂ်ပွဲစဉ်(၉) တနင်္ဂနွေနေ့ညပွဲစဉ်များ ယှဉ်ပြိုင် ကစားခဲ့ရာ အာဆင်နယ်နှင့်စပါးတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့သည်။

အဲဗာတန်နှင့်အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် အဲဗာတန်အသင်းအတွက် ပွဲချိန် ၁၁ မိနစ်တွင် ရွန်းနီက ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး အာဆင်နယ်အတွက် မိနစ် ၄၀ တွင် မွန်ရီရယ်က ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းအစတွင် အာဆင်နယ်အသင်းအတွက် ဒုတိယဂိုးကို အိုဇေးလ်က ၅၃ မိနစ်တွင် ထပ်မံသွင်းယူခဲ့သည်။ ၆၈ မိနစ်တွင် အဲဗာတန်အသင်းမှ ဂါနာဂူရီနှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရကာ တစ်ယောက်လျော့သွားခဲ့ရာမှ ၇၄ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး လာကာဇက်တီက တတိယဂိုး သွင်းယူပေးခဲ့သည်။ အာဆင်နယ်အတွက် နောက်ထပ်သွင်းဂိုးများကို ပွဲချိန်မိနစ် ၉၀ တွင် ရမ်ဆေးသွင်းယူပြီး အဲဗာတန်အတွက် ဒုတိယဂိုးကို နစ်ဆန်က ထပ်ဆောင်းအချိန်ပိုတွင် သွင်းယူပေးနိုင်ခဲ့သော်လည်း ဆန်းချက်ဇ်က ထပ်ဆောင်းအချိန်ပိုမှာပင် ငါးဂိုးမြောက်ဂိုးကိုသွင်းယူခဲ့ရာ အာဆင်နယ်အသင်းသည် အဲဗာတန်အိမ်ကွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပါးနှင့် လီဗာပူးတို့ပွဲစဉ်တွင် ဟယ်ရီကိန်း၊ ဆွန်ယောင်မင်းနှင့် ဒယ်လီအလီတို့၏ သွင်းဂိုးများဖြင့် စပါးက အိမ်ကွင်းတွင် လီဗာပူးကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စပါးသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် မန်ယူနှင့်အမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၃)နေရာ၌ ရပ်တည်လျက်ရှိသည်။ **(ခိုင်ဝင်း)**

**စီးရီးအေ ပွဲစဉ် - ၉**

| | | | |
|---|---|---|---|
| ချီယေဗို | ၃ | - ၂ | ဗီရိုနာ |
| အတ္တလန္တာ | ၁ | - ၀ | ဘိုလော့နာ |
| ဘီနီဗန်တို | ၀ | - ၃ | ဖီအိုရင်တီးနား |
| အေစီမီလန် | ၀ | - ၀ | ဂျီနိုအာ |
| SPAL | ၀ | - ၁ | ဆာဆူအိုလို |
| တိုရီနို | ၀ | - ၁ | ရိုးမား |

**စပိန်လာလီဂါ ပွဲစဉ် - ၉**

| | | | |
|---|---|---|---|
| ဗီလာရီးယဲလ် | ၄ | - ၀ | လက်ပါးမက်စ် |
| ဆယ်တာဗီဂို | ၀ | - ၁ | အေတီမတ် |

## အထက်မြန်မာပြည်

# သီတဂူအာရောဂျဒါနဆေးရုံတော်မှ သွားနှင့်ခံတွင်းဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

**ကလေး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ရဟန်းရှင်လူ ပြည်သူအများလှူဒါန်းထားသော မဟာသန္တာရုံဘုန်းတော်ကြီးကျောင်းအနီး သီတဂူအာရောဂျဒါနဆေးရုံတော်ကြီး (ကလေးမြို့)တွင် သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုနှင့်အဖွဲ့တို့က သွားနှင့်ခံတွင်းဝေဒနာရှင်များအား အောက်တိုဘာ ၂၆ ရက်မှစ၍ ခေတ်မီစက်ကိရိယာကြီးများဖြင့် ဒုတိယအကြိမ်မြောက် အခမဲ့ ဆေးဝါးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

သွားနှင့် ခံတွင်းကုသလိုသည့်ဝေဒနာရှင်များအနေဖြင့် အောက်တိုဘာ ၂၃ ရက်မှစတင်ကာ လူနာများစာရင်းလက်ခံကောက်ယူမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်မှစ၍ နိုဝင်ဘာ ၃ ရက်အထိ အင်္ဂလန်နိုင်ငံမှ အထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုနှင့်အတူ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီး ငါးဦးတို့က အခမဲ့စမ်းသပ်မှုများ၊ ဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မဟာသန္တာရုံကျောင်းတိုက် ကလေးမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသေဌက မိန့်ကြားသည်။

၂၀၁၆ ခုနှစ်၌လည်း ပထမအကြိမ်က လူနာ ၁၀၄၀ ဦးတို့ကို ကုသပေးနိုင်ခဲ့သည့်အပြင် သီတဂူအာရောဂျဒါနဆေးရုံတွင် သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ မဟာသန္တာရုံဆရာတော် ကြီးကြပ်မှုတို့ဖြင့် အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သီတဂူအာရောဂျဒါနဆေးရုံ စောင့်ရှောက်ရေးအဖွဲ့ထံမှ သိရသည်။

**ချင်းတွင်းသား**



# ရေရှားပါးခက်ခဲသောဒေသအတွက် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်များလှူဒါန်း

**ထန်တလန် အောက်တိုဘာ ၂၂**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)သည် ရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသော ဒေသများသို့ ရေသယ်ယာဉ်အသစ်များ ပေးအပ်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၁ ရက်က ချင်းပြည်နယ် ထန်တလန်မြို့အတွက် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ် နှစ်စီးကို လှူဒါန်းခဲ့သည်။

ရေသယ်ယာဉ်အသစ်နှစ်စီးကို ချင်းပြည်နယ် ထန်တလန်မြို့နယ်ခန်းမ၌ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ အထက်မြန်မာပြည် တာဝန်ခံ ဦးတင်ထွန်းက ရေသယ်ယာဉ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား မြို့မိမြို့ဖဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးတင်ထွန်းက ယခုလှူဒါန်းသော ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ထန်တလန်မြို့နှင့် ၂၂ မိုင်ကွာဝေးသော ရေထွက်မှရေကိုသယ်ယူကာ မြို့အတွင်းရှိလူဦးရေ ၇၀၀၀ ကျော် ရပ်ကွက်ကြီးသုံးခုမှ လူတစ်ဦးလျှင် တစ်နေ့ရေဂါလန် ၂၀ နှုန်း အသုံးပြုနိုင်စေရန်ရည်ရွယ်ချက်ဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ ထန်တလန်မြို့ မြို့မိမြို့ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြား ရေရှားပါးခက်ခဲသောဒေသများတွင် စုစုပေါင်း ရေသယ်ယာဉ်အသစ် ၄၆ စီးကို လှူဒါန်းပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံအနှံ့အပြားကဏ္ဍပေါင်းစုံတွင် ငွေကျပ် ၁၃၅ ဘီလီယံကျော် လှူဒါန်းပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(ဝ၁ဝ)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လယ်ယာမဲ့တောင်သူများအား မြေလွတ်မြေရိုင်း ဧက ၁၀၈၇ ကျော် ဖော်ထုတ်ပေးသွားမည်

**မုံရွာ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြေမဲ့၊ ယာမဲ့များ၊ ကိုယ်ပိုင်မြေမရှိ၍ မြေငှားရမ်းစိုက်ပျိုးလုပ်ကိုင်နေသည့် ကျေးလက်နေ မြေယာချို့တဲ့သူများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြေလွတ်မြေရိုင်း ၁၀၈၀ ဧကကျော်အား ဖော်ထုတ်ပေးအပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် မင်းသာကျေးရွာတွင် INGO အဖွဲ့အစည်းတစ်ခုဖြစ်သော LIFT Fund အဖွဲ့၏ ထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၁ သန်းထဲမှ စစ်ကိုင်းတိုင်းဒေသကြီးအတွက် အချိုးကျရရှိငွေဖြင့် လယ်မြေဧက ၃၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ်သန်း ၅၀၀ ဖြင့် ခန္တီးမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့တွင် ဧက ၇၈၀ ကိုလည်းကောင်း အကောင်အထည်ဖော်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကသာမြို့၊ ရေဦးမြို့နှင့် ချင်းတွင်းအထက်ပိုင်းဒေသဖြစ်သော ဟုမ္မလင်းမြို့နယ်တို့၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဧက ၅၀၀ ကို ဖော်ထုတ်ကာ လယ်ယာမြေမဲ့ ပြည်သူများကို လွှဲပြောင်းဖြန့်ဝေပေးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း မြေလွတ်မြေရိုင်း ၁၀၈၇ ဧက ဖော်ထုတ်ပြီး ဒေသခံ လယ်ယာမြေမဲ့ ပြည်သူများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မိုးများတိုင်း မုံရွာမြို့မြေနိမ့်ပိုင်း ရပ်ကွက်များ ရေထွက်စရာမရှိဘဲ ရေဝပ်နေ



**မုံရွာ အောက်တိုဘာ ၂၂**

မိုးရွာမှုအားကောင်းတိုင်း မုံရွာမြို့၏ မြေနိမ့်ပိုင်းရပ်ကွက်များ ရေထွက်စရာမရှိဘဲ ရေဝပ်နေကြောင်း မုံရွာမြို့ အနိမ့်ပိုင်းရှိရေဝင်ရပ်ကွက်နေသူများထံမှ ကြားသိရသည်။

"မိုးရွာပြီဆိုရင် ရေဝင်တော့တာပါ။ အရင်က ရေဆိုးထုတ်မြောင်းဆိုတာရှိပေမယ့် အခုအိမ်တွေကများလာတော့ ရေဆိုးထုတ်မြောင်းတွေပျောက်ကုန်ပါပြီ။ ရေကစီးစရာမရှိတော့ ရေဆိုးတွေက တော်တော်နဲ့မထွက်ဘူး။ အရပ်ထဲနေတဲ့သူနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ စုပေါင်းပြီး စက်နဲ့စုပ်ထုတ်တာတွေ လုပ်နေပေမယ့် ရေရှည်မှာမလွယ်ပါဘူး။ ရေဝပ်တာကိုလုပ်ငန်းတစ်ရပ်အနေနဲ့ စီမံချက်ဆွဲသေချာဆောင်ရွက်သင့်ပါပြီ။ အခုဟာက တစ်ရပ်ကွက်တည်း၊ တစ်နေရာတည်း ရေဆိုးတွေဝပ်နေတာမဟုတ်ဘဲ ဒေါနခြံရပ်၊ အောင်ချမ်းသာရပ်၊ ကွေ့ကြီးရပ်၊ အင်းရွာသစ်ရပ်၊ ထန်းတောရပ်စတာတွေမှာ နေရာအနှံ့ရေဝင်နေတာပါ" ဟု ရေဝင်ဒေါနခြံရပ်နေသူက ပြောသည်။

ရေဝင်ရောက်မှုနှင့်ပတ်သက်၍ မုံရွာမြို့ ဒေါနခြံရပ်ကွက်အုပ်ချုပ်ရေးမှူးက "လက်ရှိမှာတော့ စက်နဲ့စုပ်ထုတ်နေရပါတယ်။ အရင်ကတော့ ကန်သာယာထဲထုတ်တဲ့ ရေဆိုးမြောင်းတွေရှိခဲ့ပေမယ့် အခုမှာတော့ လူဦးရေများပြီး နေအိမ်တွေများလာတဲ့အတွက် ရေဆိုးမြောင်းတွေပျောက်ပြီး မိုးများတဲ့အခါ နိမ့်တဲ့သူတွေ ရေဝပ်ရေအိုင်တော့တာ ဖြစ်ပါတယ်" ဟု ပြောပြသည်။

မုံရွာမြို့ရပ်ကွက်များ မိုးရေဝင်ရောက်မှုရေဝပ်မှုများနှင့်ပတ်သက်၍ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ညွှန်ကြား၍ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က အနီးကပ်ကြီးကြပ်ကာ ချင်းတွင်းမြစ်ရေတံခါးများဖွင့်၍အင်းများအတွင်းမှ ရေများပြန်ထုတ်ခြင်း၊ ရေဝပ်နေသော အနိမ့်ပိုင်းရပ်ကွက်ဝင် ရေဆိုးများကို စက်အင်အားသုံး၍ စုပ်ထုတ်ခြင်းများကို အောက်တိုဘာ ၂၀ ရက်က စတင်ဆောင်ရွက်နေကြောင်း သိရသည်။

ရေထွက်ပေါက်တံခါးများ ဖွင့်ခြင်းနှင့်အတူ ကာထားသော သဲအိတ်များဖယ်ရှားခြင်း၊ ပိတ်နေသောဒိုက်နှင့် အမှိုက်သရိုက်များဖယ်ရှားခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့နှင့်အတူ မုံရွာမြို့ ချင်းတွင်းအင်စတီကျူးရုံးမှ အောက်တိုဘာ ၂၁ ရက်က အားဖြည့်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သာစည်ဆည်နဲ့ ကျောက်ကာထန်းဇလုတ်ဆည်ကရေလျှံကျတာ၊ ရေလွှတ်တာတွေကြောင့် မုံရွာရပ်ကွက်တွေ ရေဝင်နေတယ်ဆိုတာ မဟုတ်ပါဘူး။ မိုးများပြီး စီးဆင်းစရာမရှိတဲ့အတွက် ရေဝပ်နေတာပါ။ သာစည်ဆည်မှာက ကန်ရေပြည့်အမှတ်ရောက်ဖို့ ၁၁ ပေလောက်လိုသေးသလို ကျောက်ကာထန်းဇလုတ်ဆည်ကလည်း ကန်ရေပြည့်အမှတ်ရောက်ဖို့ သုံးပေလောက်လိုပါသေးတယ်။ ဆည်ကနေ ဘယ်ရေမှလွှတ်တာလျှံကျတာ မရှိပါဘူး" ဟု မုံရွာမြို့နယ် ဆည်မြောင်းဌာန တာဝန်ရှိသူက ရှင်းပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# တရားစီရင်ရာ၌ စီရင်ထုံးလမ်းညွှန်ချက်နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိရေးမှာကြား

**မြစ်ကြီးနား အောက်တိုဘာ ၂၂**

ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမကဘဲ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည့် စီရင်ထုံးလမ်းညွှန်ချက်မှာ တရားသူကြီးတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိရေး၊ တရားသူကြီးများအနေဖြင့် မည်သူ့ကိုမျှ အားမပြိုင်ဘဲ မာန်မာန ရှေ့မထားရန်နှင့် မိမိတို့တရားစီရင်ရေးမဏ္ဍိုင်ကိုသာ ခိုင်မာအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ခရိုင်နှင့် မြို့နယ်တရားသူကြီးများအား တွေ့ဆုံပွဲတွင် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် တရားလွှတ်တော်တရားသူကြီး ဦးဇော်ဝင်း၊ တရားလွှတ်တော် တရားသူကြီး ဒေါ်ပြုံးပြုံးအေးတို့က ပြည်နယ်အတွင်း လက်တလောဖြစ်ပေါ်နေသော တရားစီရင်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမှုရှိရေး၊ အဂတိလိုက်စားမှု ကင်းရှင်းရေး၊ အမှုများအား ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် မှန်မှန်နှင့် မြန်မြန်တရားစီရင်နိုင်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော်မှ တရားရေးဦးစီးမှူး ဦးဖြိုးဖြိုးက တရားရုံးစီမံရေးရာကိစ္စရပ်များအား အဆင်ပြေချောမွေ့စေရေးနှင့် သက်ဆိုင်ရာဌာနစုအလိုက် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် တရားစီရင်ရေးဆိုင်ရာများ တိုးတက်ကောင်းမွန်စေရေး အကြံပြုဆွေးနွေးကာ အကြံပြုချက်များအပေါ် အတည်ပြုချက်များရယူ၍ ပြည်နယ်တရားသူကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး စက်တင်ဘာလမှ အောက်တိုဘာလအထိ ရာဇဝတ်မှု ၂၁၀၄ မှုအား လက်ခံစစ်ဆေးခဲ့ပြီး ၂၀၂၅ မှုအား ပြီးပြတ်စွာ အမိန့်ချမှတ်နိုင်ခဲ့ကာ တရားမမှုတွင် စက်တင်ဘာမှ အောက်တိုဘာအထိ အမှုလက်ကျန် ၅၄၈ မှုအနက် ၁၁၉ မှုအား လက်ခံစစ်ဆေးခဲ့ပြီး ၉၂ မှုကို ပြီးပြတ်စွာ စီရင်ချက်ချမှတ်နိုင်ခဲ့ကြောင်းနှင့် အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တရားရေးဝန်ထမ်း ၃၃ ဦးတက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဝူရှူးပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီးအသင်း စုပေါင်းတံခွန်စိုက်ဆုဖလားရရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တိုင်းဒေသကြီးနှင့်ပြည်နယ် ဝူရှူးပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက TC-2၊ ဝူရှူးလေ့ကျင့်ရေးရုံ လယ်ဝေး၌ ကျင်းပခဲ့သည်။

ယနေ့ပွဲစဉ်များအဖြစ် ထောက်လုပွဲစဉ်တွင် နန်းကွန့် (ကျား/မ) ပြိုင်ပွဲနှင့် ဆန်းဆို (အတိုက်) ပွဲစဉ်တွင် (၄၈) ကီလို(ကျား) ပြိုင်ပွဲ၊ (၅၂) ကီလို(ကျား) ပြိုင်ပွဲ၊ (၅၆) ကီလို (ကျား) ပြိုင်ပွဲ၊ (၆၀) ကီလို(ကျား) ပြိုင်ပွဲ၊ (၇၅) ကီလို(ကျား) ပြိုင်ပွဲများ၏ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြသည်။

ထောက်လုအကောင်းဆုံး အမျိုးသမီးဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဆောင်းနှင်းဖြူနှင့် ထောက်လု အကောင်းဆုံး အမျိုးသားဆုရ ရခိုင်ပြည်နယ်အသင်းမှ စိုးထက်လင်းတို့အားလည်းကောင်း၊ ဆန်းဆို အကောင်းဆုံး အမျိုးသမီးဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ ပုံ့ပုံ့စိုးနှင့် ဆန်းဆိုအကောင်းဆုံး အမျိုးသားဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်သက်တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်က ဆုတံဆိပ်များကိုပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ဆန်းဆို အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသွားသော ချင်းပြည်နယ်အသင်း၊ ဆန်းဆို အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်း၊ ထောက်လု အမျိုးသမီးတံခွန်စိုက်ဆုဖလား ရရှိသွားသော မန္တလေးတိုင်းဒေသကြီး အသင်း၊ ထောက်လု အမျိုးသား တံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလား ရရှိသွားသော မန္တလေးတိုင်းဒေသကြီး အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## ဆရာတော်ကြီးများနှင့် သံဃာတော်အပါး ၁၀၀ကျော် တို့အား ဆွမ်းဆန်စိမ်း လောင်းလှူ

**ရန်ကုန် အောက်တိုဘာ ၂၂**
အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့က ပြုလုပ်သည့် ဂိုဏ်းပေါင်းစုံ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဆင်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို အောက်တိုဘာ ၁၇ ရက် ညနေ ၃ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် အောင်ဇေယျလမ်းရှိ မြပုလဲပရိယတ္တိ၊ ပဋိပတ္တိ ပရဟိတသာသနာပြု စာသင်တိုက်၌ ပြုလုပ်ခဲ့သည်။

သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယက ဆရာတော်ကြီးများ သင်တန်းနည်းပြဆရာတော်ကြီးများ၊ နည်းပြဆရာများ၊ သင်ကြားရေး ဆရာတော်ကြီးများနှင့် သင်တန်းသား သံဃာတော်များ စုစုပေါင်း အပါး ၁၀၀ ကျော်တို့ကို လှူဖွယ်ဝတ္ထု၊ သက်န်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

## အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်) ဖွင့်ပွဲ ကျင်းပ



**လှိုင်ကော် အောက်တိုဘာ ၂၂**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီက လှိုင်ကော်မြို့ အား/ကာ သိပ္ပံ (လှိုင်ကော်)အဝင်မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့က မော်ကွန်းကမ္ပည်း ကျောက်စာကို လျှပ်စစ်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အားကစားနှင့် ကာယပညာသိပ္ပံ(လှိုင်ကော်)တည်ဆောက်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀ နှင့် ဘောလုံး၂၀၀ အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက လက်ခံရယူသည်။

အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်)တွင် အားကစားနည်း ၁၀ မျိုး သင်ကြားပေး၍ သင်တန်းသား သင်တန်းသူ ၁၁၂ ဦး တက်ရောက် လေ့ကျင့်သင်ကြားနေကြကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## ပဲခူးတိုင်းဒေသကြီးတွင် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက်(ကျား/မ)စက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**ပဲခူး အောက်တိုဘာ ၂၂**
ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး အောက်တိုဘာ ၂၂ ရက် နံနက် ၆ နာရီက ပဲခူးတိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက်(ကျား/မ) စက်ဘီးစီးပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များတက်ရောက်ပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့မှ စတင်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပြိုင်ပွဲအား သေနတ်ဖောက်တာလွှတ်ပေးခဲ့သည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲအား ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ အမျိုးသား ၂၃၆ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၂၅၈ ဦးပါဝင်ကာ တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့မှစတင်၍ ရွှေမော်ဓောဘုရားလမ်း၊ မန္တလေး-ရန်ကုန်လမ်းအတိုင်း ပဲခူးမြို့လယ်နာရီစင်၊ မြို့မဈေးကြီး၊ ဘုတာခုံကျော်တံတား၊ ကားကြီးယာဉ်ရပ်နားစခန်း၊ ကျိုက်ပွန်မုခ်ဝထိပ်၊ တရုတ်ဘုံကျောင်းအား ဖြတ်ကျော်ကာ ချင်းစုအထပ်သား စက်ရုံလမ်းထိပ်အထိ အသွား/အပြန် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ကူညီပံ့ပိုးပေးသော Myanmar C.P Livestock Company အား တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

"စက်ဘီးစီးပြိုင်ပွဲကို ဦးစီးကော်မတီ၊ ကျင်းပရေးကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ ကြိုဆိုနေရာချထားရေး/တည်းခိုနေထိုင်ရေးကော်မတီ၊ ဧည့်ခံကျွေးမွေးရေးကော်မတီများ စနစ်တကျဖွဲ့စည်းပြီး ကျင်းပခြင်းဖြစ်ကြောင်း၊ တစ်မြို့နယ်လျှင် သုံးဦးနှုန်း ပါဝင်ယှဉ်ပြိုင်ကာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ဒိုင်များနှင့် ပဲခူးခရိုင်အတွင်းရှိ ကာယပညာဆရာ ဆရာမများက အကဲဖြတ်ဒိုင်များအဖြစ်ဆောင်ရွက်ပြီး ဆုရရှိသူများအား ရွေးချယ်ပေးခြင်းဖြစ်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ပြောသည်။

ပဲခူးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက်(ကျား/မ) စက်ဘီးစီးပြိုင်ပွဲအား တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး ဘက်စုံထူးချွန်သူများ ပေါ်ထွက်လာစေရန်အပြင် အားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ၂၀၂၀ ပြည့်နှစ်တွင် ကွေးနိုင်ဆန့်နိုင်သောမျက်နှာပြင်နှင့် iPhone ထုတ်လုပ်နိုင်ရန် LG နှင့် Apple တို့ ပူးပေါင်းဖွယ်ရှိ

လာမည့်အောက်တိုဘာ ၂၇ ရက်တွင် စတင်ရောင်းချတော့မည်ဖြစ်သော iPhone X တွင် ပထဆုံး OLED မျက်နှာပြင်ကို စတင်အသုံးပြုခဲ့ပြီး အဆိုပါမျက်နှာပြင် Panel ကို Samsung မှ ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် Apple သည် ကွေးနိုင်ဆန့်နိုင်သည့်မျက်နှာပြင်ပါဝင်သည့် စမတ်ဖုန်းအမျိုးအစားသစ်ကို LG နှင့် ပူးပေါင်းကာ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ထုတ်လုပ် သွားနိုင်ဖွယ်ရှိသည်ဟု နည်းပညာ မီဒီယာများတွင် သတင်းများထွက်ပေါ်လျက်ရှိနေသည်။



ပြိုင်ဘက် နိုင်ငံတူဖြစ်သော Samsung မှ လာမည့် ၂၀၁၈ ခုနှစ်တွင် ကွေးနိုင်ဆန့်နိုင်သည့် မျက်နှာပြင်နှစ်ဘက်ပါဝင်သော စမတ်ဖုန်းသစ်ကို ထုတ်လုပ်သွားဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်ပြီးနောက်ပိုင်းတွင် LG နှင့် Apple ပူးပေါင်းကာ ယခုကဲ့သို့စမတ်ဖုန်းသစ်ကို ထုတ်လုပ်သွားမည်ဟု ထပ်မံသတင်းများပေါက်ကြားခဲ့ခြင်း ဖြစ်သည်။ Apple အဆိုပါ နည်းပညာသစ်နှင့် ကွေးနိုင်ဆန့်နိုင်သည့် မျက်နှာပြင်ပါသော စမတ်ဖုန်းသစ်ကို လာမည့် ၂၀၂၀ တွင် ထုတ်လုပ်သွားနိုင်ဖွယ်ရှိသည့် သတင်းစကားအချို့ ထွက်ပေါ်လာခြင်းရှိနေခဲ့ပြီး လက်ရှိထွက်ရှိပြီးသော iPhone အမျိုးအစား အသစ်များအတွက် OLED Panel များကို Samsung မှ တာဝန်ယူဖန်တီးပေးထားခြင်းဖြစ်ကာ ယခုကဲ့သို့ ပြိုင်ဘက် LG နှင့် Apple တို့ပူးပေါင်းလိုက်သည့်သတင်းမှာ အလွန်စိတ်ဝင်စားစရာဖြစ်နေခဲ့သည်ဟုသိရသည်။ ALEX

## အမေရိကန်တွင် ဒရုန်းဖြင့် ပထမဆုံးသတင်းရယူခွင့်ရရှိသွားသော CNN

အမေရိကန်တွင် လုံခြုံရေးအရ ဒရုန်းများအသုံးပြု၍ ကုန်ပစ္စည်းပို့ဆောင်ခြင်း၊ ရိုက်ကူးရေးပြုလုပ်ခြင်းများအတွက် တားမြစ်တင်းကျပ်ခြင်းများရှိခဲ့သော်လည်း ယခုအခါ CNN သတင်းဌာနအား ဒရုန်းဖြင့်သတင်းရိုက်ကူးရယူနိုင်ရန် ခွင့်ပြုလိုက်ပြီဖြစ်သည်။ အမေရိကန်လေကြောင်းဦးစီးဌာနမှ CNN သတင်းဌာနအား မြေပြင် ပိတ်ဆို့မှုများနှင့် ရိုက်ကူးရန် ခက်ခဲသောနေရာများအား ဒရုန်းများဖြင့် သတင်းရိုက်ကူးမှုပြုလုပ်နိုင်ရန် လွန်ခဲ့သည့် သုံးရက်ခန့်က ခွင့်ပြုပေးခဲ့သည်ဟု သိရသည်။



သတင်းရိုက်ကူးမှုများတွင် အသုံးပြုရန်အတွက် ဒရုန်းထုတ်လုပ်ရေးလုပ်ငန်းနှင့် CNN တို့ပူးပေါင်းကာ နှစ်နှစ်ခန့် ကြိုးစားဖန်တီးခဲ့ကြပြီး ယခင်နှစ်က ကြိုးဖြင့်ချိတ်ဆက်ထားသည့် ဒရုန်းဖြင့်သာ သတင်းရယူခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကြိုးမဲ့စနစ်ဖြင့် လွတ်လပ်စွာ ပျံသန်းရိုက်ကူးနိုင်မည်ဖြစ်ကာ ပထမဆုံးခွင့်ပြုချက်ရရှိခဲ့သော သတင်းဌာနမှာ CNN ဖြစ်လာခဲ့သည်။


CNN မှ Vantage Robotics Snap Drone အမျိုးအစားများဖြင့် သတင်းဗီဒီယိုများကို ရိုက်ကူးတင်ဆက်ပေးသွားတော့မည်ဖြစ်ပြီး နောင်ကာလများတွင်လည်း အမေရိကန်လေကြောင်းဦးစီးဌာနမှ အခြားသတင်းဌာနများကိုပါ တတ်နိုင်သလောက်ခွင့်ပြုမှု ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ALEX

## သက်တမ်းကြာ သံခါတ်တိုင်များအစား ကွန်ကရစ်ကျောက်တိုင်များဖြင့်အစားထိုး



**ရန်ကုန် အောက်တိုဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရပ်ကွက်အထောက်အကူပြုအဖွဲ့များနှင့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများ ပူးပေါင်း၍ အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက တောင်လုံးပြန်ရပ်ကွက် အတွင်းရှိ သက်တမ်းကြာမြင့်နေပြီဖြစ်သော လျှပ်စစ်သံခါတ်တိုင်များအစား ကွန်ကရစ် ၁၀ မီတာ အရှည် ကျောက်တိုင် စုစုပေါင်း ၂၅ တိုင် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **ကျော်စိုးမိုး**



# ယခုလအတွင်း စစ်မှုထမ်းတော့မယ့် ကမ်ဆိုးဟွန် တိတ်တဆိတ်သာ တာဝန်စတင် ထမ်းဆောင်လို

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ဆိုးဟွန်ဟာ လတ်တလောမှာတော့ စစ်မှုစတင်ထမ်းဆောင်ဖို့အတွက် အချိန်ကျလာခဲ့ပြီဖြစ်ပါတယ်။ ကမ်ဟာ လာမယ့် အောက်တိုဘာ ၂၃ ရက်မှာ စစ်မှုထမ်းရက်တွေကို စတင်သွားရမှာဖြစ်ပြီး သူ့အနေနဲ့ ဒီလိုနိုင်ငံရဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်ရာမှာ အများကို တရားဝင်ထုတ်ဖော် အသိပေးခြင်းမျိုးမပြုလုပ်လိုဘဲ သီးသန့်ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုအဖြစ်သာ ဆောင်ရွက်သွားလိုတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ကမ်ရဲ့ စစ်မှုထမ်းဆောင်မယ့်သတင်းနဲ့ပတ်သက်ပြီး နွှန်ဆန်မှာရှိတဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းမှာ တက်ရောက်ထမ်းဆောင်သွားမှာဖြစ်ကြောင်း သတင်းတွေ စတင်ထွက်လာခဲ့ပေမယ့် နောက်ဆုံးထွက်ပေါ်လာခဲ့တဲ့သတင်းတွေအရ ဂျောင်ဂီဒိုမှာ တက်ရောက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမယ့် ကမ်စစ်မှုစတင်ထမ်းဆောင်ကာ လေ့ကျင့်ရေး သင်တန်းတက်ရောက်သွားမယ့် နေရာအတိအကျကိုတော့ လျှို့ဝှက်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၀ ရက်မှာတော့ ကမ်ဆိုးဟွန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က "ကမ်ဆိုးဟွန်ဟာ စစ်မှုထမ်းရက်တွေကို တိတ်တဆိတ်စတင် ထမ်းဆောင်သွားလိုတာဖြစ်ပါတယ်။ သူဟာ ကျော်ကြားတဲ့အနုပညာကြယ်ပွင့်တစ်ဦးဖြစ်ပေမယ့် အခြားသောတောင်ကိုရီးယားရဲ့ သာမန်နိုင်ငံသားတစ်ဦးလိုပဲ စစ်မှုထမ်းဆောင်သွားလိုတာပါ။ သူ့ကို အများက အာရုံဝိုင်းစိုက်တာမျိုးတွေ မလိုချင်ဘူး။ ဒ့ါအပြင် သူနဲ့ တစ်ရက်တည်းမှာ စစ်မှုစတင်ထမ်းဆောင်ရမယ့် အခြားသောသူတွေကိုလည်း သူ့ကြောင့် အနှောင့်အယှက်မဖြစ်စေလိုပါဘူး"လို့ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

တောင်ကိုရီးယားမှာ စစ်မှုထမ်းဆောင်ခဲ့ကြတဲ့အနုပညာရှင်တွေဟာ စစ်မှုထမ်းရက်တွေကို တိတ်တဆိတ်စတင်လိုကြတာ ပုံမှန်ဖြစ်နေကျအရာတစ်ခုဖြစ်ပေမယ့် စစ်မှုစတင်ထမ်းဆောင်သွားမယ့်နေရာကိုတော့ ကမ်ဆိုးဟွန်လို လျှို့ဝှက်ထားတဲ့သူဟာ အတော်လေးကိုရှားတာဖြစ်တယ်လို့လည်း သိရပါတယ်။

# ပေါ်တိုရီကိုမှာ လုပ်အားပေးနေတဲ့ ပဲရစ်ဂျက်ဆင်





ပေ့ါပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ အနုပညာလုပ်ငန်းတွေကို လုပ်ဆောင်ရာမှာတော့ ဖခင်ဖြစ်သူလို တေးသံရှင်တစ်ဦးအဖြစ်သာ လှုပ်ရှားခဲ့ခြင်းမရှိဘဲ သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးအဖြစ်သာ အစပျိုးခဲ့တာဖြစ်ပါတယ်။ ဒီလိုအနုပညာနယ်ပယ်မှာ စတင်ခြေချလာခဲ့တဲ့ ပဲရစ်ဂျက်ဆင်ဟာ လတ်တလောမှာတော့ ပေါ်တိုရီကိုဒေသက ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ ပါဝင်လုပ်အားပေးနေတာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပဲရစ်ဂျက်ဆင်ဟာ ပေါ်တိုရီကိုဒေသကို တိုက်ခတ်ခဲ့တဲ့ ဟာရီကိန်းမုန်တိုင်းဒဏ်သင့်ခဲ့ရသူတွေအတွက် ကူညီထောက်ပံ့မှုတွေ ပြုလုပ်ရာမှာ ပါဝင်ကူညီခဲ့တာဖြစ်ပြီး သူဟာ ထောက်ပံ့ရေးအဖွဲ့အစည်းတစ်ခုနဲ့ ပူးပေါင်းကာ စားနပ်ရိက္ခာနဲ့ အသုံးအဆောင်တွေ ပို့ဆောင်ဖြန့်ဝေပေးနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီလို ဟာရီကိန်းဒဏ်သင့်ခဲ့ရတဲ့သူတွေကို ကူညီထောက်ပံ့ခဲ့ပုံတွေကို ပဲရစ်ဂျက်ဆင်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တဲ့ ဓာတ်ပုံမှာတော့ သူဟာ ပေါ်တိုရီကိုက ကျောင်းတစ်ကျောင်းမှာ ကလေးငယ်တွေနဲ့ အတူရှိနေတာကိုတွေ့ရပြီး ယင်းဓာတ်ပုံရဲ့အောက်မှာတော့ ပဲရစ်ဂျက်ဆင်က သူ့အနေနဲ့ သူငယ်ချင်းအသစ်တွေရရှိတဲ့အတွက် ပျော်ရွှင်ကြောင်း ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် ပဲရစ်ဂျက်ဆင်က သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ ဗီဒီယိုဖိုင်တစ်ခုကိုထုတ်ဖော်ပြသခဲ့ပြီး ယင်းဗီဒီယိုမှာတော့ သူဟာ လေယာဉ်တစ်စင်းပေါ်က ထောက်ပံ့ရေးပစ္စည်းတွေကို သယ်ဆောင်ကာ ဆင်းလာခဲ့ပြီး ကုန်တင်ကားပေါ်ကို ထောက်ပံ့ရေးပစ္စည်းတွေ ရွှေ့ပြောင်းသယ်ဆောင်ပေးနေတာကိုတွေ့ရပါတယ်။ ဒ့ါအပြင် သူက တစ်ချိန်လုံးလေယာဉ်စီးနေရတဲ့အတွက် သူ့ရဲ့ခြေထောက်တွေ ရောင်ရမ်းနေပြီး ဖိနပ်တောင်စီးလို့မရတဲ့အတွက် လေဆိပ်မှာ ခြေကျင်လျှောက်ခဲ့ရတဲ့ အခြေအနေမျိုးတောင်ရှိခဲ့ကြောင်းလည်း ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။

ဟောလိဝုဒ်ရဲ့ အခြားသောနာမည်ကျော်ကြယ်ပွင့်များစွာကလည်း ပေါ်တိုရီကို ဒေသခံတွေကို ကူညီထောက်ပံ့လှူဒါန်းမှုတွေ ပြုခဲ့ကြပြီး ဒီလိုလှူဒါန်းခဲ့ကြတဲ့သူတွေထဲမှာ ပေ့ါပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်၊ ဟောလိဝုဒ်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဂျနီဖာအန်နစ်စတန်၊ စကားလက်ဂျိုဟန်ဆန်၊ ရောဘတ်ဒေါင်နေဂျူနီယာ၊ ခရစ်အီဗန်တို့လည်း ပါဝင်ကြောင်း သိရပါတယ်။

## လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် တက်တူးသစ်ကို ဂျက်စတင်ဘီဘာဖော်ပြ

ပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာက လတ်တလောမှာတော့ သူ့ရဲ့ရင်ဘတ်နဲ့ ဝမ်းဗိုက်တစ်ခုလုံး အပြည့်ထိုးထားတဲ့ တက်တူးသစ်ကို ပရိသတ်တွေထံ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ ယခုတစ်ကြိမ် ဂျက်စတင်ဘီဘာရေးထိုးလိုက်တဲ့ တက်တူးဟာ အလွန်ကြီးမားပြီး သူ့ရဲ့ဝမ်းဗိုက်နဲ့ ရင်ဘတ်တစ်လုံးကို ခြုံလွှမ်းထားတာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၂၃) နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကနေဒါနိုင်ငံသား ပေ့ါပ်ကြယ်ပွင့်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ တက်တူးသစ်နဲ့သူရဲ့ပုံကို ဆယ်လ်ဖီရိုက်ကာ ထုတ်ဖော်ပြသလာခဲ့တာလည်း ဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာဟာ ယခင်ကလည်း သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ တက်တူးတွေများစွာထိုးခဲ့သူဖြစ်ပေမယ့် ဒီလောက်ကြီးတဲ့ တက်တူးကိုတော့ ပထမဆုံးအကြိမ် ထိုးခဲ့တာလည်းဖြစ်ပါတယ်။


ဂျက်စတင်ဟာ သူ့ရဲ့အသက် (၁၆)နှစ်ပြည့်အမှတ်တရ တက်တူးတစ်ခုကို ပထမဆုံး ထိုးခဲ့တာဖြစ်ပြီး အဲဒီနောက်ပိုင်းမှာ တက်တူးများစွာထိုးခဲ့ကာ တစ်ခုချင်းစီမှာ လေးနက်တဲ့ အဓိပ္ပာယ်တွေရှိနေတာဖြစ်ပါတယ်။ ယခုတစ်ကြိမ်မှာ ဂျက်စတင်ဘီဘာရေးထိုးခဲ့တဲ့ တက်တူးမှာတော့ ခြင်္သေ့၊ ကျား၊ သိမ်းငှက်စတဲ့ ပုံတွေ၊ ဗိသုကာလက်ရာပုံရိပ်တွေနဲ့ အရိုးစုပုံတွေကို ထည့်သွင်းရေးထိုးထားတာတွေ့ရပါတယ်။ အဆိုပါတက်တူးရဲ့အဓိပ္ပာယ်နဲ့ ပတ်သက်ပြီး ဂျက်စတင်ဘီဘာက လတ်တလောအချိန်အထိတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရပါတယ်။

အေးပြည့် စုစည်းသည်










# သုံးပွင့်ဆိုင်ဇာတ်လမ်းထဲက ဘရက်ပစ်ထ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဘရက်ပစ်ထ်ဟာ ဇနီးဖြစ်သူ မင်းသမီး အန်ဂျလီနာဂျိုလီနဲ့ တရားဝင်ကွာရှင်းပြတ်စဲကြပြီးတဲ့နောက် လက်ရှိမှာတော့ တစ်ကိုယ်တည်းသမားဘဝနဲ့ နေ့ရက်တွေကို ဖြတ်သန်းနေတာဖြစ်ပါတယ်။ ဒီလို ဂျိုလီနဲ့ လမ်းခွဲပြီးတဲ့နောက်မှာတော့ ဘရက်ပစ်ထ်ရဲ့ အချစ်သစ်ဇာတ်လမ်းတွေ၊ ကောလာဟလတွေအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။ လတ်တလောမှာလည်း ဘရက်ပစ်ထ်ဟာ အန်ဂျလီနာဂျိုလီနဲ့ ရုပ်ချင်းဆင်ပြီး အလှအပအတွက်လည်းကျော်ကြားတဲ့ မင်းသမီးငယ်တစ်ဦးအပေါ် စိတ်ဝင်စားနေကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။ ဒီလို ဘရက်ပစ်ရဲ့ အချစ်ဇာတ်လမ်းသစ်နဲ့ပတ်သက်တဲ့ ကောလာဟလတွေကို ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ရာမှာ ကြားသိခဲ့ရတဲ့ ဇနီးဟောင်းဖြစ်သူ အန်ဂျလီနာဂျိုလီကတော့ မပျော်မရွှင်ဖြစ်ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"War Machine"ရုပ်ရှင်ရဲ့ ဇာတ်ဆောင်မင်းသားဖြစ်တဲ့ ဘရက်ပစ်ထ်ဟာ လတ်တလောမှာ အသက်(၂၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ သရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်သူ အယ်လ်လာပေါ်နယ်ကို မျက်စိကျနေတာဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ထွက်နေတာဖြစ်ပါတယ်။

ဒီသတင်းကို ကြားခဲ့ရတဲ့အခါမှာတော့ အန်ဂျလီနာဂျိုလီက သူနဲ့ လမ်းခွဲခဲ့တာတစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်တဲ့ ခင်ပွန်းဟောင်းရဲ့ အချစ်သစ်ဖြစ်ပေါ်နေမှုအပေါ် မပျော်မရွှင်ဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဂျိုလီဟာ အယ်လ်လာနဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးလည်းဖြစ်တာကြောင့် ပိုမိုခံစားခဲ့ရတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Maleficent"ရုပ်ရှင်မှာ အတူပါဝင်သရုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။

CHERICOF
တစ်လုံးသောက်လျှင် (၁၂) နာရီကြာဆေးအာနိသင်ရှိမည့်
ချယ်ရီကော့ဖ်တုပ်ကွေးဖျားနာပျောက်ဆေး


တစ်နေ့လျှင် နှစ်လုံးသာ
သောက်သုံးရန်လိုအပ်သည်

(၆၂) ကြိမ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်
ဘားအံမြို့ သိရိကွင်း။
ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကြီး
၆ – ၁၁ – ၂၀၁၇ မှ ၁၁ – ၁၁ – ၂၀၁၇ ထိ
Tin Ko Ko Business Group Co.,Ltd. Ph : 09 260093331, 09 250010953, 09 8634497.

ဝက်ခြံနဲ့ အသားရောင်ပြဿနာတွေအတွက် စိတ်ညစ်မနေပါနဲ့
မြင့် အင် ဆန်း
အရေပြားနှင့် အလှအပဆေးခန်း

■ ဝက်ခြံကုသမှုအစီအစဉ်များ ဝက်ခြံအမာရွတ် ကုသမှု
■ တင်းတိပ်၊ မှဲ့ခြောက်ကုသမှု မျက်နှာအရေးအကြောင်းကုသမှု
■ အသားဖြူဝင်းခြင်းအတွက် ကုသမှု
အရေပြားအထူးကုဆရာဝန်ကြီးများ ကိုယ်တိုင် ကုသပေးပါသည်။
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။
အမှတ်–၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း (အထက်)၊ (အမေရိကန်ဗီဇာ ... မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း – ၁၀၂၂၄၄၊ ၂၅၆၀၄၄။

ပါကေးအစားထိုးကြမ်းခင်း

တန်ဆောင်တိုင်ပွဲ အထူး အစီအစဉ်
Floor 3 ကျင်း ဝယ်လျှင် → Table 1 လုံး လက်ဆောင်
*Terms & Conditions Applied
Grade & Quality
Since 1996
Home
Think of House, Think of Home
Get Free!
အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘိုးစိမ်းမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
☎09-79 700 70 70 ☎09-79 700 70 80

Yum Yum Premier
(၁) ပတ်လျှင် (၁) သိန်းဆု (၇၀) ဆုထိ ကံစမ်းပေးမှာမို့ အမြန်ဆုံး Register လုပ်ကြရအောင်
For Android - Google play တွင် Lucky Yum Yum ဟုရိုက်ထည့်ပြီး Install လုပ်၍ Register ပြုလုပ်ကံစမ်းနိုင်ပါသည်။
For iOS - App Store တွင်လည်း Lucky Yum Yum ဟုရိုက်ထည့်ပြီး Install လုပ်၍ Register ပြုလုပ်ကံစမ်းနိုင်ပါသည်။
Website registration - lucky.yumyummyanmar.com သို့ သွားရောက်၍ တိုက်ရိုက် Register ပြုလုပ်နိုင်ပါသည်။
Promotion အစီအစဉ်အသေးစိတ်ကို www.yumyummyanmar.com တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


၉.၁၀.၂၀၁၇ ရက်နေ့မှ ၁၄.၁၀.၂၀၁၇ ရက်နေ့ထိ တစ်သိန်းဆု ကံထူးသည့် နံပါတ်များစာရင်း

| | | | | |
|---|---|---|---|---|
| 48871335498855 | 46520568683535 | 47278279369245 | 34058768867014 | 23744035126703 |
| 48920835983955 | 19830268384862 | 29370991198363 | 18876902059852 | 21089613770182 |
| 55454357427426 | 15374579629322 | 46850324486835 | 16853435517832 | 48350846986355 |
| 25262013108223 | 37814757823844 | 37233368415244 | 17789724870842 | 38550391586554 |
| 47014468523045 | 17408791962442 | 37231535694244 | 18696835941752 | 21132680805182 |
| 16517046153532 | 50461291497475 | 48898713861955 | 31813613713883 | 24516968053513 |
| 51165068138185 | 23395802931403 | 38558346467554 | 49085391530165 | 47275702839245 |
| 18618646763652 | 47357446557345 | 37008346462044 | 14399924081412 | 14057202357012 |
| 17874713829842 | 35112491603124 | 24516902053513 | 15992457501032 | 38138579665154 |
| 20275424539272 | 48238202365255 | 14315280433312 | 35381280499324 | 37212891013244 |
| 17732157205742 | 48997113251065 | 29555224337563 | 51385602730485 | 37593324411644 |
| 20342180306372 | 48155580737155 | 24886668740913 | 38359246377354 | 25215957043223 |
| 34740346485714 | 20114991133172 | 15191802990222 | 40267446558274 | 37268746868244 |
| 36626135244634 | 50565668738575 | 47393780911445 | 44560535687515 | 23795335431803 |

ကံစမ်းမဲအစီအစဉ်၏ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ ဆုထုတ်ယူနိုင်မည်ဖြစ်ပါသည်။

## နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး

nurture® preschool

*We nurture tomorrow leaders!*



Emotional Development (EQ)

Intellectual Development (EQ)

Moral Development

Physical Development

Social Development

လစဉ်ကျောင်းအပ် လက်ခံနေပါပြီ

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ |
|---|---|---|---|---|
| 09262963774, 09262963775 | 09254148005, 09450694035 | 01-549590, 09254148006 | 09259822226, 09259822227 | 01-8011315 09259822220 |



## နိုဝင်ဘာ၊ ဒီဇင်ဘာ ရုံးပိတ်ရက်ရှည်များရှိတာ သင်သိပါသလား

**f columbustravelsmyanmar page မှာ**

ရုံးပိတ်ရက်များတွင်ထွက်ရှိမည့် ခရီးစဉ်များကို ပရိုမိုးရှင်းဈေးနှုန်းများဖြင့် ရောင်းချပေးနေပါပြီ။

Columbus TRAVELS & TOURS

01 229245, 378535
09 954060501, 02 60956



## ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့်အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား Star Academy ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်းဌာနတွင် ဖွင့်လှစ်သွားပါမည်

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၃။ | အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | နိုင်ငံတကာမုန့်မျိုးစုံထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | ဤသင်တန်းဌာနမှ အခြေခံ (အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။ |
| ၆။ | ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (ဘဏ္ဍာရေး) (အခန်းဌာန)၊ (အစားအစာနှင့် အဖျော်ယမကာဌာန) (အဆင့် ၂) | စီးပွားရေး ပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင် ပညာအခြေခံ ကျွမ်းကျင်သူ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်း တစ်ခုအောင်မြင်ပြီး၊ ဘွဲ့ရသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိ၊ ဘွဲ့ရရှိသူ ဖြစ်ရပါမည်။ |

**သင်တန်းကာလ - (၇.၁၁.၂၀၁၇) မှ (၁၇.၁.၂၀၁၈) ရက် အထိ၊**

**သင်တန်းဆိုင်ရာအချက်အလက်များဆက်သွယ်စုံစမ်းရန် -**

လျှောက်လွှာများကို မြေနီကုန်းရှိ **Star Academy** ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း သင်တန်း ဌာနတွင် ထုတ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ ကျန်းမာရေး ထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံစာ တို့ကိုပူးတွဲတင်ရမည်၊

**Star Academy ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**

အမှတ်(၂၆၇)၊ အခန်း(၂၀၂)၊ ဒုတိယထပ်(၂)ရှေ့၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း ။ ။ ၀၁- ၅၂၃ ၂၀၀၊ ၂၃၀ ၄၀၂၀၊ ၂၃၀ ၄၀၂၁၊ ၅၂၃ ၆၂၃၊
၀၉ ၅၀၂၀ ၃၀၂၊ email: info@staresources.com



**နေရာကောင်းငှားမည်**

မရမ်းကုန်းမြို့နယ်၊ အင်းစိန်လမ်းမကြီး၊ သမိုင်းလမ်းဆုံ၊ City Mart မျက်စောင်းထိုး (၂၂ × ၅၀) ပေရှိ နှစ်ထပ် လုံးချင်း တိုက်သစ်၊ Showroom၊ စားသောက်ဆိုင်နှင့် လုပ်ငန်းအစုံ လုပ်ကိုင်နိုင်သော နေရာကောင်းငှားမည်။

**Ph : 09- 5161329 / 09 - 785117384**



## ဦးအောင်ဟိန်းကျော်

အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်

•*Translation*

**အင်္ဂလိပ်စာရေးနည်း** (အခြေခံ၊ အဆင့်မြင့်)

စာကျမ်းအသင်၊ ၃၅ခြောက်လက်တွေ့လေ့ကျင့်သည်၊ ၃လတွင်းရေးတတ်ရမည်

**အင်္ဂလိပ်စကားပြော** သင်တန်း

▪နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

စာကျမ်းအသင်၊ စကားသင်သည်၊ ၁လအတွင်းပြောနိုင်ရမည်

အခွင့်ကောင်း စာရေးဆရာ

▪ 392468 09517184

● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)စာအုပ်ထွက်ပြီ

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်



## ကံ့ကော်ရိပ်

၂၀၁၈ ခုနှစ် **အဋ္ဌမတန်း**

**စာမေးပွဲအထောက်အကူပြု**
**မေးခွန်း (၅) စုံနှင့်အဖြေများ**

ထပ်မံလေ့ကျင့်ရန်

မေးခွန်းများကိုအမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေဆိုထားပါသည်

၂၀၁၈ ခုနှစ် **စတုတ္ထတန်း**

**စာမေးပွဲအထောက်အကူပြု**
**မေးခွန်း (၅) စုံနှင့်အဖြေများ**

ထပ်မံလေ့ကျင့်ရန်

မေးခွန်းများကိုအမှတ်ပေးစည်းမျဉ်းနှင့်အညီဖြေဆိုထားပါသည်

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ပထဝီ | ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

တစ်ဘာသာ (၁)အုပ်

စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘ၀တွက်တာကျွမ်းကျင်စရာ ဦးထွန်းထွန်း

**ကောရီစိစာပေ**

C/၃၄၊ နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉၇၃၀၅၁၁၁၄
၀၉၅၁၂၉၆၇၀
၀၉၅၅၀၁၁၅၄

အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။





## အသားမည်းညစ်ကြမ်းတမ်းခြင်း ထိရောက်စွာပျောက်ကင်းစေရန်

# ALL SWEET

## အသားဖြူနို့ရည်




အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနထောက်ခံချက်အမှတ် 1309 PC0020



မြန်မာပြည်မှာဆို ဘာပဲလိုလို ?

## မြန်မာ့စီးပွားရေး လမ်းညွှန်



## မြန်မာပြည် တစ်ပြည်လုံးရောက်တဲ့ လမ်းညွှန်

Myanmar Business DIRECTORY

www.myanmarbusiness-directory.com

Sales Hotline 09 44 800 1662



တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံသစ်ကို တွေ့ရစဉ်။



တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ရုံးဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံသစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်ဖွင့်လှစ်

ထားဝယ် အောက်တိုဘာ ၂၂

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကမ္ဘောကင်းလမ်းတွင် တည်ဆောက်ပြီးစီးခဲ့သော တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံးအဆောက်အအုံသစ်ကို ယနေ့နံနက် ၉ နာရီက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။**

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး အဆောက်အအုံသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးတင်အောင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ရုံးဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ဆိုင်းဘုတ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တက်ရောက်လာသည့်ဧည့်သည်တော်များအား လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးက လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲတွင် ကူညီဆောင်ရွက်ပေးကြသော

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**

# ရှမ်းနှင့် ရန်ကုန် အမှတ်ပေးချန်ပီယံဆု လုရမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

၂၀၁၇ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်၊ ဟံသာဝတီနှင့် ဧရာဝတီအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

**ရှမ်းယူနိုက်တက် - သုံးဂိုး**
**ရတနာပုံ - နှစ်ဂိုး**

ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကာလတွင် ရှမ်းယူနိုက်တက်အသင်း အမှားအယွင်းမရှိသေးဘဲ အဝေးကွင်း၌ ရတနာပုံကို အနိုင်ယူကာ ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် ချန်ပီယံဆုအတွက် ရှမ်းနှင့်ရန်ကုန်တို့ နှစ်သင်းသာ အပြိုင်လုရတော့မည်ဖြစ်ပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ဂိုးကွာခြားချက်တွင် ရန်ကုန်ထက်နည်းနေသောကြောင့် နောက်ဆုံးပွဲတွင် မဖြစ်မနေအနိုင်ကစားရမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**



# အာရှ ယူ-၁၉ ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း ကမ္ဘောဒီးယားနိုင်ငံ၌ လေ့ကျင့်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု(ဆ)ပွဲစဉ်ကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ၌ ယနေ့နံနက်ပိုင်းမှစ၍ လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် အစွမ်းကုန်ကြိုးစားလျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံထားခြင်းဖြစ်ပြီး ခြေစစ်ပွဲကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းတွင် အသင်းအုပ်ချုပ်သူအဖြစ် ဦးတင်မြင့်အောင်၊ နည်းပြချုပ်အဖြစ် ဦးချစ်နိုင်၊ အသင်းအတွင်းရေးမှူးအဖြစ် ဦးမိုးဝေအောင်၊ လက်ထောက်နည်းပြအဖြစ် ဦးမင်းသူ၊ ဂိုးနည်းပြအဖြစ် ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် ဂိုးသမား-ထက်ဝေယံစိုး၊ အောင်မြင့်မြတ်၊ ထွန်းနန္ဒာဦး၊ နောက်တန်း-အောင်ဝဏ္ဏစိုး၊ ကျော်ပြုံးဝေ၊ နိုင်ကိုကို၊ ပြည့်ဖြိုးမောင်၊ စည်သူမိုးခန့်၊ စိုးမိုးကျော်၊ သန်းထိုက်ဇင်၊ သက်ပိုင်ထွေး၊ အလယ်တန်း-အံ့မော်ဦး၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ နန်းထိုက်ဇော်၊ ဝဏ္ဏာထွန်း၊ ရှေ့တန်း-ဟိန်းထက်အောင်၊ ထက်ဖြိုးဝေ၊ ပြည့်စုံလှိုင်၊ ဝေယံဦး၊ ဝင်းနိုင်ထွန်း၊ ဒွေးကိုကို၊

**စာမျက်နှာ ၉ ကော်လံ ၂ သို့ ▼**